# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက် | ၂၀၂၄ ခုနှစ်၊ ဧပြီ ၁၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၉၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နေပြည်တော်လမ်းလျှောက်သင်္ကြန် သင်္ကြန်အကြိုနေ့တွင် လာရောက်လည်ပတ်ကြသူများဖြင့် စည်ကား



နေပြည်တော် ဧပြီ ၁၃

၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ကာလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများ စုပေါင်းပျော်ရွှင်စွာ ဆင်နွှဲနိုင်စေရန်၊ ဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှု၊ ပြည်သူနှင့် အစိုးရ၏ ပေါင်းစည်းမှုနှင့် တစ်သားတည်းဖြစ်မှုတို့ကို ဖော်ဆောင်သည့် ပွဲတော်တစ်ခုအဖြစ် ပြသရန် ရည်ရွယ်၍ ယခုနှစ်တွင် နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ထည့်သွင်း ကျင်းပလျက်ရှိသည်။

အဆိုပါလမ်းလျှောက်သင်္ကြန်ကို ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ နေပြည်တော် မြို့တော်ဝန်မဏ္ဍပ်အနီးမှ စည်ပင်ညှော့ရိပ်သာလမ်းဆုံအထိ ဇုန်လေးဇုန် သတ်မှတ်ပြီး တိုင်းရင်းသားသင်္ကြန်ဇုန်၊ စတုဒိသာဇုန်၊


စာမျက်နှာ ၄ ကော်လံ ၁ ◆



**ယနေ့ ဖတ် စ ရာ**

**နှစ်ကူးအတာသင်္ကြန်နှင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ** — ဆောင်းပါး စာ ၆

**နွေဥတုနှင့်ကျန်းမာရေး တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ပေး** — ဆောင်းပါး စာ ၁၀

**အိန္ဒိယ၌ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဓာတ်ငွေ့အခြေခံသည့်ဓာတ်အားပေးစက်ရုံများ အသုံးပြုမည်** — နိုင်ငံတကာသတင်း စာ ၁၃





# ကျက်သရေမင်္ဂလာဝေဆာပြည့်စုံနေမည့် ဘာသာသာသနာတို့ ပွင့်လန်းရာမြေ

မိမိတို့နိုင်ငံသည် နိုင်ငံသူ နိုင်ငံသားတို့အား ဘာသာရေးလွတ်လပ်ခွင့်ပေးအပ်ထားသည့် နိုင်ငံဖြစ်သည်။ ဗုဒ္ဓဘာသာသည် အများစုကိုးကွယ်ယုံကြည်သည့် ဘာသာဖြစ်သည့်တိုင် အခြားဘာသာသာသနာများကိုလည်း အသိအမှတ်ပြုကာ ချီးမြှောက်ထောက်ပံ့သည့် အစဉ်အလာမှာ ရှေးမြန်မာမင်းများ လက်ထက်ကပင် ရှိခဲ့သည်။

၁၈၅၂ ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် ရန်ကုန်မြို့ကို အင်္ဂလိပ်တို့က မြို့ကွက်ချပြန်လည်တည်ဆောက်ခဲ့ရာ မူလကပင်ရှိပြီးဖြစ်သည့် ဆူးလေစေတီတော်အနီးတွင် အစ္စလာမ်ဘာသာဝတ်ကျောင်းတစ်ကျောင်းနှင့် မလှမ်းမကမ်းတွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ကျောင်းတို့ကို နေရာချထားပေးခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရက မည်သည့်အကြံ၊ မည်သို့သောအတွေးအခေါ်မျိုးဖြင့် ဤသို့နီးကပ်စွာချထားခဲ့သည်ကို မသိရစေကာမူ မြန်မာ့မြေပေါ်တွင် မတူကွဲပြားသောဘာသာတရားတို့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြခြင်း၏ ထင်ရှားသော ပြယုဂ်တစ်ခုဖြစ်လာသည်။

ဗုဒ္ဓဘာသာသာသနာသမိုင်းတွင် အထင်ရှား အကျော်ကြားဆုံးသော သာသနာပြုမင်းကြီးဖြစ်သည့် အာသောကမင်းကြီးသည် ၎င်း၏ လက်နက်နိုင်ငံတော်အတွင်း အခြားဘာသာဝင်အားလုံးတို့ကို ချီးမြှောက်ထောက်ပံ့ခဲ့သူဖြစ်သည်။ မိမိကိုးကွယ်သည့် ဘာသာကိုသာ ချီးမြှင့်မြှောက်စား၍ အခြားဘာသာများကို ဖိနှိပ်ရှုတ်ချခြင်း မပြုရန်သာမက အခြားဘာသာများကိုလည်း လေးစားချီးမြှင့်ရန် အာသောကမင်းကြီးက အမိန့်ထုတ်ပြန်ခဲ့ပြီး သာယာညီညွတ်ခြင်းသည် မွန်မြတ်ကြောင်းနှင့် လူအပေါင်းတို့သည် အခြားသူများ၏ ဘာသာဝါဒများကိုလည်း လေးစားကြားနာကြရန် လမ်းညွှန်ခဲ့ရာ ဗုဒ္ဓအယူဝါဒဆိုင်ရာ ယဉ်ကျေးမှု၏ စိတ်နှလုံးကြီးမြတ်မှုနှင့် နားလည်စာနာမှုတို့ပင်ဖြစ်ပြီး နောင်တွင်သာသနာပြုမင်းတို့ ဆက်ခံကျင့်သုံးခဲ့သည့် စံနမူနာထုံးလည်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေ ၁၂ ရက်က ဘာသာပေါင်းစုံကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အမှာစကားပြောကြားရာတွင် "ဘာသာရေးကိုအကြောင်းပြု၍ တစ်ဦးနှင့်တစ်ဦးအထင်အမြင်လွဲမှားမှု၊ ယုံကြည်မှုပျက်ပြားမှုများ မဖြစ်အောင်လုပ်သင့်သည်ဟု ယုံကြည်ကြောင်း" နှင့် "မိမိတို့အနေဖြင့် ကိုးကွယ်မှုအလိုက် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အသိအမှတ်ပြုခြင်း၊ တန်းတူရည်တူရှိခြင်းနှင့် အပြန်အလှန်လေးစားသမှုပြုခြင်းများ ရှိနေသမျှ ပဋိပက္ခများ ကင်းဝေးစေမည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။ အဆိုပါအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘာသာရေးအသင်းအဖွဲ့များအတွက် ဘာသာရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် အဆောက်အဦများ ဆောက်လုပ်နိုင်ရန်အတွက် မြေပေးမိန့်များကို ပေးအပ်ရာ ဗုဒ္ဓဘာသာကိုယ်စားလှယ်၊ ကက်သလစ်ခရစ်ယာန်ဘာသာကိုယ်စားလှယ်၊ နှစ်ခြင်းခရစ်ယာန်ဘာသာ ကိုယ်စားလှယ်၊ အင်္ဂလီကန်ခရစ်ယာန်ဘာသာကိုယ်စားလှယ်၊ ဆွန်နီအစ္စလာမ်ဘာသာကိုယ်စားလှယ်၊ ရှီယာအစ္စလာမ်ဘာသာ ကိုယ်စားလှယ်၊ ဟိန္ဒူဘာသာ ကိုယ်စားလှယ်တို့က လက်ခံရယူခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေသည် ဘာသာပေါင်းစုံ အတူတကွ ယှဉ်တွဲ၍ ငြိမ်းချမ်းစွာနေထိုင်နိုင်သည့် နေရာတစ်ခုဖြစ်သည်။ နိုင်ငံတော်တွင် အများပြည်သူကိုးကွယ်ရာ ဘာသာများအဖြစ် အသိအမှတ်ပြုထားသော ဘာသာများအလိုက် အဆောက်အဦများ ဆောက်လုပ်ရန်မြေနေရာများ ပေးအပ်ချီးမြှင့်ခြင်းဖြင့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် ဘာသာပေါင်းစုံနေထိုင်သည့် နေရာတစ်ခုဖြစ်အောင် ဆောင်ရွက်ပြီး နေပြည်တော်အား ဘာသာပေါင်းစုံကို ကိုယ်စားပြုသည့် နေရာတစ်ခုဖြစ်အောင် ရည်ရွယ်ခြင်းဖြစ်ရာ နေပြည်တော်သည် မကြာမီကာလအတွင်း ဘာသာသာသနာတို့ ပွင့်လန်းရာမြေအဖြစ် ကျက်သရေမင်္ဂလာအဖြာဖြာတို့ ဝေဆာပြည့်စုံနေလိမ့်မည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် နေထိုင်ကြသည့် နိုင်ငံသူ နိုင်ငံသားအားလုံး မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာသာသနာတော်တို့၏ အဆုံးအမများနှင့်အညီ တစ်စိတ်တည်း တစ်ဝမ်းတည်း ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ကြကာ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်ယောက်တစ်လက် တစ်တပ်တစ်အား ဝိုင်းဝန်းတည်ဆောက်ကြရပါမည့်အကြောင်း။ ။

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ စာအောင်သံဃာတော်နှင့် သီလရှင်များကို စာအောင်လက်မှတ်ဆက်ကပ်ချီးမြှင့်

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၉၃ ရပ်ကွက် အောင်သုခ ပရိယတ္တိစာသင်တိုက် ဓမ္မဝိဇယခန်းမ၌ မေ ၁၂ ရက်က မြို့နယ်သာသနာ့နုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသည့် (၁၁)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ၊ အစိုးရပါဠိပထမပြန်စာမေးပွဲနှင့် (၇)ကြိမ်မြောက် မြို့နယ်သာသနာ့နုဂ္ဂဟ ပထမပြန်စာမေးပွဲမှ စာအောင်သံဃာတော်နှင့် သီလရှင် ဆရာလေးများကို စာအောင်လက်မှတ် ဆက်ကပ်ချီးမြှင့်ခြင်းနှင့် စုဋ္ဌဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကာ အခမ်းအနားကိုဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ (အောင်သုခ) ဆရာတော်က စာပြန်ပွဲနှင့်ပတ်သက်၍ သာသနာရေးဆိုင်ရာများကို မိန့်ကြားတော်မူသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်း/ခရိုင်၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌနှင့် ကော်မတီဝင်များက တစ်ဦးချင်းစီအလိုက် သံဃာတော်၊ သီလရှင်ဆရာလေး စုစုပေါင်း ၂၉၃ ပါးအား တစ်ပါးချင်းစီ စာအောင်လက်မှတ်ချီးမြှင့်ခြင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။



ယင်းနောက် စာအောင်သံဃာတော်နှင့် သီလရှင်ဆရာလေး ၂၉၃ ပါးတို့က ၉၂၊ ၉၃၊ ၉၄ ရပ်ကွက်အတွင်းရှိ လမ်းမကြီးတစ်လျှောက် စီတန်းလှည့်လည်ကြွချီကာ ဒေသခံရပ်ကွက်နေ ပြည်သူများက ဆွမ်းဆန်စိမ်းများလောင်းလှူကြကြောင်း သိရသည်။ **ဦးကျင်မောင်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၃

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အခမ်းအနားကို ယနေ့ ညနေပိုင်းက နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇)၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများက စတုဒိသာ ဧည့်ခံကျွေးမွေးမှုကို အတူတကွသုံးဆောင်၍ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး ဦးစီးဌာနများနှင့် လုပ်ငန်းများကိုယ်စားပြု သင်္ကြန်အလှမယ် ယိမ်းအကအဖွဲ့များက ယိမ်းအကများ၊ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဌာနအကြီးအကဲများနှင့် အခမ်းအနားသို့ တက်ရောက်လာသူ ဝန်ထမ်းများက အတာရေများ အပြန်အလှန် ပက်ဖျန်းကြပြီး ဦးစီးဌာနများနှင့် လုပ်ငန်းများ ကိုယ်စားပြု ယိမ်းအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြောင်း သိရသည်။ **သတင်းစဉ်**

## လှိုင်ကော်မြို့၌ ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

လှိုင်ကော် မေ ၁၃

ကယားပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ (သင်္ကြန်အကြိုနေ့) နံနက်ပိုင်းက လှိုင်ကော်မြို့ရှိ ဇဟိုမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နှစ်သစ်ကူး နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး ကယားပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် မဟာသင်္ကြန်ဇဟိုမဏ္ဍပ်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ဝဲပုံ)**



ဆက်လက်၍ သင်္ကြန်ယိမ်းအဖွဲ့များ ဖွင့်ပွဲသီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေး၍ အတာသင်္ကြန်ရေပက်ဖျန်းကာ နှစ်ဦးသင်္ကြန်ကို ကြိုဆိုခဲ့ကြပြီး ယိမ်းအဖွဲ့များ ကပြဖျော်ဖြေမှုနှင့် တေးသံရှင်များ၏ သင်္ကြန်တေးသီချင်းများ၊ မြန်မာ့ဂီတနှင့် ခေတ်ပေါ်တေးဂီတများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ကြပြီး ဧည့်သည်တော်များနှင့် ယိမ်းအဖွဲ့များအား စတုဒိသာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးနေမှုများကို လိုက်လံကြည့်ရှုကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## လားရှိုးမြို့၌ မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲကျင်းပ၊ ယိမ်းအကအလှများဖြင့် ကပြဖျော်ဖြေ

လားရှိုး မေ ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီက လားရှိုးတက္ကသိုလ်ရှိ ဌာနဆိုင်ရာများ ရေကစားမဏ္ဍပ်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အဖွင့်နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ယင်းနောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်နှင့် အဖွဲ့ဝင်များက ယိမ်းအကအဖွဲ့များအား အတာရေစင်များဖြင့် ပက်ဖျန်းသည်။ **စိုင်းထွန်း (လားရှိုး)**



# နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်နှင့် နေပြည်တော်လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်းအနားကျင်းပ တက်ရောက်လာကြသော ပြည်သူများ အတာရေသဘင်ပွဲ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ



**နေပြည်တော် ဧပြီ ၁၃**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်မှ ၁၃၈၆ ခုနှစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာ နှစ်သစ်ကူး မဟာအတာသင်္ကြန်ပွဲတော် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှေ့ရှိ အဆိုပါ မဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်များမှ သင်္ကြန်ယိမ်းအဖွဲ့များ၊ နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်္ကြန်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြသည်။



နေပြည်တော်မြို့တော်ဝန် ဦးသန်းထွန်းဦး နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်ဝင်းက ၁၃၈၅ ခုနှစ် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်ပွဲတော် နှစ်သစ်မင်္ဂလာပိုဒ်စုံ ရတုကို ဖတ်ကြားပြီး နေပြည်တော် မြို့တော်ဝန် ဦးသန်းထွန်းဦးက နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးတို့က နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

**သင်္ကြန်ရေပက်ဖျန်း**

ယင်းနောက် သင်္ကြန်ယိမ်းအကအဖွဲ့များက မြူမှောင်ဝေကင်း သီချင်းဖြင့် စုပေါင်းသီဆို ကပြဖျော်ဖြေကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်မြို့တော်ဝန်နှင့်ဇနီးနှင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက သင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များကို သပြေခက်ဖြင့် အတာသင်္ကြန်ရေပက်ဖျန်းပေးကြသည်။

ဆက်လက်၍ အနုပညာရှင်များ၊ တေးသံရှင်များနှင့် သင်္ကြန်ယိမ်းအဖွဲ့များက တူးပို့တူးပို့၊ ရွှေမန်းမာလာ၊ ရွှင်လန်းချမ်းမြေ့ပါစေ သီချင်းတို့ဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ထို့နောက် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအပြီးတွင် နေပြည်တော် လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲ အခမ်းအနားကို ပျဉ်းမနား-တောင်ညို လမ်းပေါ်ရှိ နေပြည်တော် မြို့တော်ဝန် မဏ္ဍပ်အနီးမှ စည်ပင်ဧည့်ရိပ်သာ လမ်းဆုံ ဧရိယာအထိရှိ လမ်းလျှောက်သင်္ကြန် သင်္ကြန်မုခ်ဦးရှေ့၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော် မြို့တော်ဝန်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Mr. Artemi Alimov Representative of Fund RC– Investments in Myanmar၊ မြန်မာ - အိန္ဒိယ - တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ အလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဦးတင့်နိုင်နှင့် ဦးအောင်မြင့်၊ ကိုရီးယားနိုင်ငံမှ သရုပ်ဆောင်ဘတ်အွန်းဟီးတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ထို့နောက် ဝန်ကြီးဌာနကိုယ်စားပြု ယိမ်းအလှသမီးပျိုများက သင်္ကြန်မိုးတေးသီချင်းဖြင့် သံပြိုင်ညီညာကပြသီဆိုဖျော်ဖြေကြသည်။

**ရေသဘင်ပွဲကို ပျော်ရွှင်စွာဆင်နွှဲ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက ကျန်းမာရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ ရုရှား-မြန်မာချစ်ကြည်ရေးအသင်း ရေကစားမဏ္ဍပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ စက်မှုဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဉာဏသိဒ္ဓိမိသားစုမဟာသင်္ကြန် ရေကစားမဏ္ဍပ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရေကစားမဏ္ဍပ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ မြန်မာ - အိန္ဒိယ -တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း ရေကစားမဏ္ဍပ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ရေကစားမဏ္ဍပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ အလုပ်သမားဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ စွမ်းအင်ဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန် ဗဟိုမဏ္ဍပ်တို့၌ ဝန်ကြီးဌာနယိမ်းအဖွဲ့များ၊ နိုင်ငံကျော် အနုပညာရှင်များနှင့် ကိုရီးယားနိုင်ငံမှ သရုပ်ဆောင်၊ K–Pop အဆိုတော်များက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေနေမှု၊ ဝန်ထမ်းများ၊ ပြည်သူများ စိတ်ပျော်ရွှင်ချမ်းမြေ့စွာ ရေပက်ကစားနေမှု၊ မဏ္ဍပ်များအလိုက် စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပြည်သူများနှင့်အတူ အတာရေသဘင်ပွဲကို ပျော်ရွှင်စွာဆင်နွှဲကြသည်။

**သီဆိုကပြဖျော်ဖြေတင်ဆက်**

နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် မြန်မာအသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များ၊ ဝန်ကြီးဌာနများ၊ ခရိုင်/ မြို့နယ်များမှ သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ယိမ်းအကအလှများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလအတွင်း နေပြည်တော်ရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများ စုပေါင်းပျော်ရွှင်စွာဆင်နွှဲနိုင်စေရန်၊ ဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှု၊ ပြည်သူနှင့် အစိုးရ၏ ပေါင်းစည်းမှု နှင့် တစ်သားတည်းဖြစ်မှုတို့ကို ဖော်ဆောင်သည့် ပွဲတော်တစ်ခုအဖြစ် ပြသရန် ရည်ရွယ်၍ ပျဉ်းမနား - တောင်ညို လမ်းပေါ်ရှိ နေပြည်တော် မြို့တော်ဝန် မဏ္ဍပ်အနီးမှ စည်ပင်ဧည့်ရိပ်သာ လမ်းဆုံဧရိယာအထိ သင်္ကြန်အကြိုနေ့ (ယနေ့) မှ ဧပြီ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန် ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ကို ယနေ့ညနေပိုင်းက မြန်မာ့ မီးရထား နေပြည်တော်ဘူတာကြီး ဝင်းအတွင်း ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင် ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ဒုတိယဝန်ကြီး များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနအကြီးအမှူးများနှင့် ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**နှစ်စဉ်ကျင်းပခြင်းဖြစ်**

ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ၁၂ လရာသီ ပွဲတော် များအနက် သင်္ကြန်ပွဲတော်သည် ပြည်သူများအားလုံး လွတ်လပ်စွာ ပါဝင်ဆင်နွှဲသော ထူးခြားသည့် ရိုးရာပွဲတော်ဖြစ်ကြောင်း၊ ပုဂံ ခေတ်မှ ယနေ့ခေတ်အထိ နှစ်စဉ် နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပလာကြပါကြောင်း၊ တစ်ဦး နှင့်တစ်ဦး သင်္ကြန်ရေပက်ဖျန်း ခြင်းသည် နှစ်ဟောင်းတွင် ကိန်းအောင်းနေသည့် ဘေးဥပဒ် အန္တရာယ်များ၊ စိတ်ဆိုးစိတ်ညစ် များ ပပျောက်ကင်းစင်ပြီး သန့်ရှင်းစေရန်ရည်သန်၍ ဆောင် ရွက်ခြင်းဖြစ်ကြောင်း၊ ဘိုး/ဘွား တို့၏ ကောင်းမြတ်သော ရိုးရာ ယဉ်ကျေးမှု အစဉ်အလာကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ရန် နှင့် နှစ်သစ်တွင် ဝန်ထမ်းများ



ခွန်အားသစ်များ ပြည့်ဝလန်းဆန်း စေရန် ယခုကဲ့သို့ အတာရေသဘင် ပွဲကို နိုင်ငံတစ်ဝန်း နှစ်စဉ်ကျင်းပ ခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများ အားလုံး ကျန်းမာရွှင်လန်းကြပါစေ ကြောင်း ပြောကြားသည်။

**အကများဖြင့်ဖျော်ဖြေ**

ထို့နောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန် ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ဖဲကြိုး ဖြတ်ဖွင့်လှစ်၍(**အပေါ်ပုံ**) ဝန်ကြီး ဌာနအောက်ရှိ ဌာနအဖွဲ့အစည်း များ၏ ယိမ်းအဖွဲ့များက သင်္ကြန် ယိမ်းအကများဖြင့် ဖျော်ဖြေခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ မြန်မာ့ရိုးရာမဟာသင်္ကြန် ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပဲခူး ဧပြီ ၁၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ ၁၃၈၅-၁၃၈၆ ခုနှစ်၊ မြန်မာ့ရိုးရာမဟာသင်္ကြန် ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဆေးရုံ ဟောင်းလမ်းပေါ်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။(**အောက်ပုံ**)



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သင်္ကြန်ဟူသော စကားသည် ပါဠိစကားမှ ဆင်းသက်လာပြီး ပြောင်းလဲခြင်း၊ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရကြောင်း၊ မြန်မာတို့၏ နှစ်သစ်ကူး သင်္ကြန်အချိန်အခါ တွင် အတာရေပက်ဖျန်းပေးခြင်း ဖြင့် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးတို့ကို ဆေးကြော ခြင်းနှင့်အတူ တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင် ချစ်ခင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းကို ဖြစ်စေ နိုင်ပြီး မြန်မာနိုင်ငံသားတို့၏ ရိုးရာဓလေ့ ပွဲတော်များအနက် ထူးခြားလေးနက်မှုရှိသည့် ပွဲတော် တစ်ခုဖြစ်ကြောင်း၊ မဟာသင်္ကြန် ကာလအတွင်း ရေသဘင်ပွဲဆင်နွှဲ ရုံသာ မဟုတ်ဘဲ ကောင်းမှု ကုသိုလ်များ ပြုလုပ်ခြင်း၊ သက်ကြီးရွယ်အိုများ ပြုစုခြင်း၊ ပူဇော်ကန်တော့ခြင်း၊ စတုဒိသာ အလှူဒါနများ ပြုလုပ်ခြင်းနှင့် အတူ ဇီဝိတဒါနအဖြစ် တိရစ္ဆာန် များကို ဘေးမဲ့လွှတ်ခြင်းစသည့် စေတနာသဒ္ဓါတရား ပြည့်ဝစွာ ပြုလုပ်သည့် ဓလေ့များလည်း ပါဝင်ကြောင်း ပြောကြားသည်။

ထို့နောက် ၁၃၈၅-၁၃၈၆ ခုနှစ်၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လုံခြုံ ရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် မြို့မိ/မြို့ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြပြီး ယိမ်းအဖွဲ့များက "မြူမှောင်ဝေကင်း"၊ "မန်းတောင် ရိပ်ခို"၊ "ပဲခူးသင်္ကြန်" စသည့် သီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေ ကြရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များက ယိမ်းအဖွဲ့များအား အမွှေး နံ့သာရည်နှင့် အတာရေပက်ဖျန်း ပေးပြီး ပြည်သူများနှင့်အတူ လမ်းလျှောက်သင်္ကြန် ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

◆*ရှေ့ဖုံးမှ*

ဝန်ကြီးဌာန သင်္ကြန်ဇုန်နှင့် လူငယ်သင်္ကြန်ဇုန်တို့ကို ခွဲခြား၍ စိတ်ဝင်စား ပျော်ရွှင်ဖွယ် ကျင်းပ ပေးလျက်ရှိသည့်အတွက် ယနေ့ တွင် သင်္ကြန်ကို ချစ်မြတ်နိုးကြ သည့် ပြည်သူများနှင့်အတူ ကလေးငယ်များ ပျော်ရွှင်စွာ ပါဝင် ဆင်နွှဲကြသဖြင့် အထူးစည်ကားခဲ့ သည်။

ထို့ပြင် နေပြည်တော် လမ်းလျှောက်သင်္ကြန်အတွင်းရှိ ဝန်ကြီးဌာနများအလိုက် မြန်မာ့ ရိုးရာ မဟာသင်္ကြန်ရေကစား မဏ္ဍပ်များ၊ တိုင်းရင်းသား ရိုးရာ ရေကစားမဏ္ဍပ်များ၊ ရုရှား - မြန်မာ ချစ်ကြည်ရေးအသင်း ရေကစားမဏ္ဍပ်၊ မြန်မာ - အိန္ဒိယ- တရုတ် ပူးပေါင်းဆောင်ရွက်ရေး နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အသင်း ရေကစားမဏ္ဍပ်များ၌ နိုင်ငံကျော် အနုပညာရှင်များ၊ တေးသံရှင်များ၊ ကိုရီးယားနိုင်ငံမှ သရုပ်ဆောင်၊ K-Pop အဆိုတော် များက DJ, Music Band များနှင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် မြိုင်ဆိုင်စွာ သီဆိုဖျော်ဖြေကြရာ နေပြည်တော် လမ်းလျှောက်သင်္ကြန်သို့ လာ ရောက် လည်ပတ်ရေကစားကြ သည့် ဝန်ထမ်းများ၊ ပြည်သူများက ပါဝင်ဆင်နွှဲကြသဖြင့် အထူး စည်ကားလျက်ရှိသည်။

အလားတူ စတုဒိသာဇုန်တွင် လည်း ဝန်ကြီးဌာနများအလိုက် မြန်မာ့ရိုးရာ မဟာသင်္ကြန် ရေကစားမဏ္ဍပ်များနှင့် မြန်မာ -အိန္ဒိယ - တရုတ် ပူးပေါင်းဆောင် ရွက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအသင်း ရေကစား မဏ္ဍပ်တို့၌ နေပြည်တော်လမ်း လျှောက်သင်္ကြန်သို့ လာရောက် လည်ပတ်ကြသူများကို မြန်မာ့ ရိုးရာအစားအစာများ၊ ထမင်းများ ဖြင့် ဧည့်ခံကျွေးမွေးကြရာ အားပါး တရ စားသောက်ကြသူများ ဖြင့် စည်ကားလျက်ရှိသည့်အပြင် တိုင်းရင်းသား သင်္ကြန်ဇုန်တွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု များကိုပြသထားပြီး တိုင်းရင်းသား ညီအစ်ကို မောင်နှမများနှင့်အတူ ရေပက်ကစားနိုင်ရန် စီစဉ်ဆောင် ရွက်ထားခြင်း၊ ဖျော်ဖြေရေးဇုန် တွင် နိုင်ငံတကာအဆင့်မီဖျော်ဖြေ တင်ဆက်မှုများနှင့် အလှပြ ဖျော်ဖြေရေး အစီအစဉ်များ ထည့်သွင်း စီစဉ်ဆောင်ရွက်ထား ခြင်း၊ လူငယ်များနှင့် ကလေးများ အတွက် အဓိကထားသည့် Colour Party, Foam Party တို့ကို ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင် အောင် စီစဉ်ဆောင်ရွက်ထားခြင်း၊ လူကြီးများ ပါဝင်ဆော့ကစားနိုင် သည့် ရေလွှာလျှောစီးနှင့် ကလေး ငယ်များအတွက် ပျော့အိကစား ကွင်းများ ထည့်သွင်းတည်ဆောက် ထားခြင်းတို့ကြောင့် ပြည်သူများ နှင့် ကလေးငယ်များပါ ပျော်ရွှင် အေးချမ်းစွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

နေပြည်တော် လမ်းလျှောက် သင်္ကြန်တွင် တိုင်းရင်းသားသင်္ကြန် ဇုန်ကို တိုင်းရင်းသားသွေးချင်း ညီအစ်ကိုများ ပါဝင်ဆင်နွှဲနိုင်ရန် ထည့်သွင်း ကျင်းပပေးသည့် အတွက် သင်္ကြန်ကို အခြေခံပြီး တိုင်းရင်းသားသွေးချင်းညီအစ်ကို များအားလုံး စည်းလုံးညီညွတ် သည့် ပြည်ထောင်စုကြီးဖြစ်စေ ရန်၊ ပြည်ထောင်စုဖွား တိုင်းရင်းသား များအချင်းချင်း ချစ်ကြည်ရင်းနှီးမှု နှင့် နားလည်မှုရရှိရန် များစွာ အထောက်အကူ ဖြစ်စေမည်ဖြစ် သည်။

လမ်းလျှောက် သင်္ကြန်တွင် ဝန်ကြီးဌာနများအလိုက် ဖျော်ဖြေ



ရေးမဏ္ဍပ်များ၊ ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေ တင်ဆက်မှုများနှင့် နိုင်ငံကျော် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုလည်း ကြည့်ရှုခံစားခွင့် ရရှိမည့်အပြင် ကိုရီးယားနိုင်ငံမှသရုပ်ဆောင်၊ K-Pop အဆိုတော်များ၏ သီဆိုကပြ ဖျော်ဖြေတင်ဆက်မှုများကိုလည်း ပါဝင်ဆင်နွှဲခွင့်ရရှိမည်ဖြစ်သည်။

ထို့ပြင် နေပြည်တော်ရှိ အများ ပြည်သူများ အနားယူအပန်းဖြေ နိုင်သည့် နေပြည်တော်ရေပန်း ဥယျာဉ်၊ နေပြည်တော်တိရစ္ဆာန် ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် စသည့်နေရာများကို လှည့်လည် ကြည့်ရှု အနားယူအပန်းဖြေ ရေကစားနိုင်ရန်အပြင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတ သန္တိ စေတီတော်မြတ်ကြီး၊ သံဝေဇနိယလေးဌာန၊ မဟာ သကျရံသီ ရုပ်ရှင်တော်မြတ်ကြီး၊ ဓာတုဇယဓာတ်ပေါင်းစု စေတီ တော်၊ ရန်အောင်မြင်ရွှေလက်လှ စေတီတော် စသည့်တန်ခိုးကြီး ဘုရားများကိုလည်း သွားရောက် ဖူးမြော်နိုင်ကြောင်း သိရသည်။

**လုလင်ငယ်**

**ဓာတ်ပုံ-ကိုကျော်ကြီး**

# ပြည်ထဲရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၃**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်မှ ၁၃၈၆ ခုနှစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်ပွဲတော်တွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ် (၃၈)ရှိ ပြည်ထဲရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့် ဇနီး၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ ယိမ်းအကအဖွဲ့များနှင့် Dancer အကအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်က နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီတို့က မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး ဦးဆောင်သောအဖွဲ့က ယိမ်းအကအဖွဲ့များနှင့် တက်ရောက်လာသူများကို အတာသင်္ကြန်ရေဖြင့် ပက်ဖျန်းပေးပြီး တပ်ဖွဲ့/ ဦးစီးဌာနများမှ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများက မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစု ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၁၃**





သင်္ကြန်ဟူသည်မှာ "သင်္ကန္တ" ဆိုသောပါဠိပုဒ်မှ ဆင်းသက်လာပြီး " ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း" ဟု အနက်အဓိပ္ပာယ်ရကာ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့သော နှစ်ကူးချိန်ခါ မင်္ဂလာအခါသမယတွင် နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းပျောက်၍ ကောင်းခြင်းမင်္ဂလာတို့ ရောက်ရှိလာစေရန် ရည်သန်၍ ရေစင်ရေသန့်တို့ဖြင့် ပက်ဖျန်းဆေးကြောလေ့ရှိကြပြီး ရေသည် အကြားအလပ်မရှိ ပြင်ညီတစ်သားတည်း သဘောရှိသည့်အလျောက် လူတစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စည်းလုံးညီညွတ်ချစ်ခင်စွာ နေထိုင်ဆက်ဆံစေလိုခြင်းဟူသော သဘောဆောင်သည့်အတွက် နွေရာသီအပူများကို အေးမြစေကြောင်း ရေပက်ဖျန်း၍ မြန်မာ့ရိုးရာ အတာရေသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းလုံးတွင် ခြိမ့်ခြိမ့်သဲသဲဖြင့် ပျော်ရွှင်စွာဆင်နွှဲလေ့ရှိကြသည်။

ထိုသို့ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြက်ခင်းပြင်၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အနုပညာရှင်များ၊ ယိမ်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့ဝင်များသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစု ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ၚင်းနောက် ယိမ်းအဖွဲ့သမီးပျိုများက "မြူမှောင်ဝေကင်း"သီချင်းဖြင့် ကပြဖျော်ဖြေကြရာ ဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသူများက ယိမ်းအဖွဲ့များနှင့် ဧည့်ပရိသတ်များအား အောင်သပြေခက်များဖြင့် အတာရေပက်ဖျန်းပေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား သင်္ကြန်စတုဒိသာအစားအစာများဖြင့် တည်ခင်းဧည့်ခံ၍ မြဝတီတေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များ၊ ယိမ်းအဖွဲ့များက တေးသီချင်းများ၊ ယိမ်းအကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်း အိမ်ထောင်သည်လိုင်းများ အနီးရှိ စိန်ပန်းမိသားစုရေကစားမဏ္ဍပ်နှင့် မန်ကျည်းရိပ်မိသားစု ရေကစားမဏ္ဍပ်တို့၏ ရေကစားမဏ္ဍပ်ဖွင့်ပွဲများကို အသီးသီး သွားရောက် ဖွင့်လှစ်ပေးကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ ရေကစားမဏ္ဍပ်များတွင် မဟာသင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ သင်္ကြန်ယိမ်းအကအဖွဲ့များနှင့် တေးသံရှင်များက ယိမ်းအကများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေသွားမည်ဖြစ်ပြီး သင်္ကြန်စတုဒိသာများဖြင့်လည်း ဧည့်ခံသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာများနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊ ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာ ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်၊ မြန်မာမှု၊ မြန်မာ့ဟန်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန် စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာဖြင့် နှစ်စဉ်ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်ဖွင့်ပွဲတက်ရောက်



**ထားဝယ် ဧပြီ ၁၃**

မြန်မာ့ရိုးရာ ယဉ်ကျေးမှုပွဲတော်ဖြစ်သော ၁၃၈၅ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ထားဝယ်မြို့ ဗဟိုမဏ္ဍပ်၌ ဧပြီ ၁၃ ရက် ညနေ ၄ နာရီက စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး အောင်မျိုးထွန်းနှင့် မြို့မိမြို့ဖ ဦးအောင်ဝင်းတို့က ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ယိမ်းအကအဖွဲ့များအား အတာရေကို သပြေခက်ဖြင့် ရိုးရာမပျက် ပက်ဖျန်းခဲ့ကြပြီး ဒေသခံပြည်သူများက မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်အေးချမ်းစွာ ပါဝင်ဆင်နွှဲခဲ့ကြရာ လာရောက်ဆင်နွှဲသူများအား အအေး၊ ဖျော်ရည်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# နှစ်ကူးအတာသင်္ကြန်နှင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ

*သိန်းထွန်း (IR)*

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်မှ နှစ်သစ် ၁၃၈၆ ခုနှစ်သို့ ကူးပြောင်းချေတော့မည်။ တစ်နှစ်ဆိုသည့် အချိန်ကာလတစ်ခုမှာ မကြာလိုက်သလိုပင်။ ကိုယ့်ဘဝနဲ့ကိုယ် လှုပ်ရှားရုန်းကန်ရင်းဖြင့်ပင် နှစ်တစ်နှစ် ကုန်ဆုံးပေတော့မည်။ စိတ်ထဲမှာတော့ ခဏမျှသာဟု ထင်မိသည်။ အချိန်ဆိုသည်က သူ့စည်းချက်နဲ့သူ သွားမြဲသွားနေသည်ကိုး။ ထိုအချိန်များကို မြန်ချင်၍လည်းမရ၊ နှေးချင်၍လည်း မရ၊ ရပ်တန့်၍လည်း မရချေ။ မည်သူမဆို အချိန်၏ စည်းချက်များအောက်တွင် ဟန်ချက်ညီ ကျင်လည်ကြရသည်။ မိုးလင်းမှမိုးချုပ် ကိစ္စမြားမြောင် လူတို့ဘောင်၌ တစ်ရက်ပြီးတစ်ရက် လှုပ်ရှားရင်း၊ ရုန်းကန်ရင်းဖြင့် အချိန်များကို ဖြတ်သန်းနေကြရ၏။ ထိုဖြတ်သန်းခဲ့ရသည့် အချိန်ကာလသည်ပင် ယခုအခါ တစ်နှစ်ပြည့်ပေတော့မည်။

တစ်ခါတစ်ရံ သဘာဝတရားကြီး၏ နက်နဲဆန်းပြားမှုကို စဉ်းစားမိ၏။ လောကတစ်ခုလုံး ဟန်ချက်ညီဖြစ်စေရန် သဘာဝတရားကြီးက ဖန်တီးတည်ဆောက်ထားပြီး ထိုဖန်တီးမှုများကို လူသားတို့ ယနေ့အထိ လိုက်မမီနိုင်သေးချေ။ သဘာဝ၏ဟန်ချက်များအတိုင်းသာ ရှင်သန်လှုပ်ရှားကြရ၏။ ထိုဖန်တီးချက်များထဲတွင် ဥတုရာသီများ၏ ပြောင်းလဲမှုနှင့် အလှတရားတို့မှာ အံ့ဖွယ်များစွာထဲမှအချို့ ဖြစ်သည်။ ဥတုရာသီတို့သည် ဒေသတစ်ခုနှင့်တစ်ခု မတူ။ သူ့ဒေသ၊ သူ့ရာသီ၊ သူ့အလှတို့မှာ ယင်းဒေသ၏ ထူးခြားသောဝိသေသအဖြစ် ရှိတတ်ကြ၏။ မြန်မာနိုင်ငံတွင်မူ နွေ၊ မိုး၊ ဆောင်းအဖြစ် ဥတုသုံးမျိုးတွေ့ရသည်။ နွေရောက်လျှင် နွေ၏အလှတို့မှာ လွမ်းမောဖွယ်ဖြစ်၏။ မိုးရာသီဆိုလျှင် စိမ်းစိုလန်းဆန်းသည့်သွင်ပြင်တို့မှာ တစ်မျိုးတစ်ဘာသာ လှနေပါ၏။ ဆောင်းရာသီကတော့ အေးမြခြင်း၊ ကြည်လင်ခြင်း၏အရသာကို ပေစွမ်းပါ၏။ သဘာဝတရား၏ ထိုစုတ်ချက်လက်ရာတို့သည် လူသားတို့အတွက် ရသပေါင်းစုံပေးလျက်ရှိပါ၏။ ထိုရာသီအလှတို့တွင် နှစ်ဟောင်းမှ နှစ်သစ်ကူးပြောင်းသည့် နွေဦးသည် အခြားသောရာသီတို့ထက် ပို၍ အလှသွေးကြွယ်သည်ဟုဆိုလျှင် ပိုလိမ့်မည် မထင်။

### နွေဦး

မြန်မာအဘိဓာန်တွင် မိုးဥတုကို ဝသန်(ပါဠိ၊ ဝဿာန)၊ နွေဦးအား ဝသန် (ပါဠိ၊ ဝသန္တ) ဟု ဖွင့်ဆိုပါသည်။ ဝသန္တ နွေဦးရာသီသည် တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှ ကဆုန်လပြည့်နေ့အထိ ဖြစ်၏။ နွေဦးကာလသည် ပူပြင်းခြောက်သွေ့သောရာသီဖြစ်၍ တန်ခူးရေကုန် ကဆုန်ရေခန်းသော အချိန်လည်းဖြစ်၏။ ထိုကာလတွင် ရေတွင်း၊ ရေကန်၊ အင်းအိုင်တို့ ရေခန်းခြောက်ကြသည်။ ထို့အပြင် တပေါင်း၊ တန်ခူး လေရူးဆော်ဆိုသည့်အတိုင်းပင် တစ်ချက်တစ်ချက် ရိုက်ခတ်လာသည့် လေရူးတို့က ကန္တကလျ ကျီစယ်တတ်သည်မှာ ထိတွေ့သူရင်ထဲ အေးမြသွားစေ၏။ နွေဦးရာသီသည် ပူပြင်းခြောက်သွေ့သော်လည်း သူ၏အသွင်မှာ အကျည်းတန်မနေ။ နွေဦးအလှ၊ နွေဦးဘဝ အားမာန်များဖြင့် နက်ရှိုင်းစွာ လှပနေပါ၏။ ထို့ကြောင့် နွေဦး၏သာယာလှပပုံကို ဦးကြင်ဥက "ယင်းသည့်နေ့ဆိုင်၊ ရသေ့သူတော်တိုင်မှ၊ ဉာဏ်မခိုင် ဈာန်ယိုင်လဲ လျှောရတယ်၊ ရာသီတွင် စာညီ ပြောပေပ၊ ကြော၍ သာမြဲ" ဟု တင်စားဖွဲ့ဆိုခြင်း ဖြစ်ပေလိမ့်မည်။ ရသေ့သူတော်တို့ပင် ဈာန်လျှောရသည့် လွမ်းမောဖွယ်ကာလတွင် ဥဩငှက်ငယ်၏ သာယာနာပျော်ဖွယ် တွန်သံချိုမှာ နွေဦး၏ဘဝသရုပ်ကို ပို၍ ထင်ဟပ်ပေါ်လွင်စေသည်ဟုဆိုလျှင် ပြောမယုံ ကြုံဖူးမှ သိနိုင်ပါလိမ့်မည်။

ထို့ကြောင့် နွေဦးရာသီသည် ဩကာသလောက၏ သရုပ်ဖော်ပန်းချီကားတစ်ချပ်ဟု ဆိုနိုင်ပါ၏။ ကြည့်လေရာ သစ်ပင်ပန်းမန်တို့မှာ ရွက်ဟောင်းကြွေ၍ ရွက်သစ်များ ဝေနေကြ၏။ နေရှိန်ပြင်းပြင်းအောက်တွင် ရွက်ဝါကြွေကျ၍ ရိုးတံပြိုင်းပြိုင်းဖြစ်နေသည့် ပင်အိုတို့မှာ လောကဓံကို မမှုသည့်အလား အညွန့်အဖူးလေးများ၊ ရွက်သစ်ရွက်နုတို့ဖြင့် ဝေဆာနေသည့် အားမာန်တို့ကို တွေ့ရ၏။ ဘဝတစ်ခု၏ နုနယ်ပျိုမျစ်ခြင်း၊ ရုန်းကန်ရှင်သန်ခြင်း၊ အိုမင်းရင့်ရော်ခြင်းတို့ကို ဖြစ်ခြင်း၊ ပျက်ခြင်း၏ နိမိတ်ပုံအလား မြင်ရပါ၏။

ထိုသို့ သာယာလှပမှုများနှင့် ပြည့်စုံသည့်နွေဦးကို ပို၍ဂုဏ်တင့်စေသည်မှာ မြန်မာတို့၏ ရိုးရာသင်္ကြန်ပွဲတော် ဖြစ်ပေသည်။ မြန်မာတို့အတွက် နှစ်ဟောင်း နှစ်သစ်အကူးအပြောင်း ပွဲတော်ဖြစ်သည့် သင်္ကြန်ပွဲတော်သည် နွေဦးနှင့် တစ်သားတည်းဟု ဆိုနိုင်သည်။ ဆောင်းအကုန် နွေအကူး နွေဦးရောက်သည်နှင့် သင်္ကြန်သီချင်းများကို ဟိုမှသည်မှ ကြားရလေပြီ။ ဖက်ဆွတ်မိုးခေါ်သည့် သင်္ကြန်မိုးရွာသည်နှင့် ရွှေရည်ဝင်းဝါသည့် ပိတောက်ပန်းတို့ ပင်လုံးကျွတ် ဝါဝါထိန်ပွင့်ကြပြီ။ နွေဦးတွင် ရာသီပန်းများဖြစ်သည့် ကံ့ကော်၊ ရင်ခတ်ပန်း၊ ငုဝါပန်း၊ ပိတောက်ပန်းတို့ ပွင့်ကြသည်။ ပိတောက်များပွင့်လျှင် မည်သူမဆို သင်္ကြန်ကို ဦးစွာပြေးမြင်မိကြစမြဲပင်။ မည်သည့်အချိန်မှစ၍ ပိတောက်ပန်းအား သင်္ကြန်ပန်းအဖြစ် အသိအမှတ်ပြုခဲ့ကြသည်ကို မသိရသော်လည်း ကုန်းဘောင်ခေတ် စာဆိုတော် ဖိုးသူတော်ဦးမင်း၏ တန်ခူးလဖွဲ့တွင် "မြတ်သင်္ကြန်ခေါ် စံပွဲတော်မို့၊ ကံ့ကော်မှုံနံ့ စုံအသန့်မှာ၊ ထုံပျံ့ဝတ်ရွှေ ညွတ်ပစေလို့၊ သရေငယ်ဆောင်သည် ရွှေရောင်ပိတောက်ကယ်က မင်းမူလေ့" ဟူ၍ တွေ့ရသည်။ ယနေ့ချိန်တွင်မူ တစ်နှစ်လျှင် တစ်ကြိမ်သာပွင့်သည့် ပိတောက်ပန်းသည် နှစ်ကူးအတာသင်္ကြန်ကို ကိုယ်စားပြုသည့် အမှတ်သင်္ကေတပန်း ဖြစ်နေပါပြီ။

### နှစ်ဦးပွဲတော်

တပေါင်းလသည် မြန်မာတို့၏ရာသီ ၁၂ လတွင် နောက်ဆုံးလဖြစ်ပြီး တန်ခူးလသည် နှစ်ဦးလဖြစ်၏။ ထိုနှစ်ကူးသည့်လတွင် မြန်မာတို့သည် နှစ်ကူးအတာသင်္ကြန်ပွဲကို ပျော်ရွှင်စွာကျင်းပကြသည်။ နှစ်ဟောင်း နှစ်သစ်ကူးပြောင်းချိန်တွင် ကျင်းပသည့် သင်္ကြန်ပွဲသည် မြန်မာတို့၏ အထင်ရှားဆုံး အတာရေသဘင်ပွဲတော်ဖြစ်၏။ အတာသင်္ကြန်ပေါ်ပေါက်လာပုံနှင့်ပတ်သက်၍ ခိုင်မာသောမှတ်တမ်းမှတ်ရာများ မတွေ့ရသော်လည်း မြန်မာသက္ကရာဇ် ၆၅၃ ခုတွင် ရေးထိုးထားသည့် စောလှဝန်းဂူဘုရား ကျောက်စာအရ ပုဂံခေတ်တွင် စတင်နေပြီဟု ယူဆကြသည်။ ထို့အတူ ဦးကုလား၏ မဟာရာဇဝင်ကြီး၊ တတိယတွဲတွင် နန်းတော်မှ ထွက်၍ သင်္ကြန်တော်ခေါ်ခြင်း ဟု မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ အခြားမှတ်တမ်းတစ်ခုအနေဖြင့် အိုင်းရစ်သံတမန် ဗိုလ်မှူးကြီး မိုက်ကယ်ဆိုင်း၏ ၁၇၉၅ ခုနှစ်၊ အင်းဝနိုင်ငံသွား သံအဖွဲ့မှတ်တမ်း(စာ-၂၁၀)တွင် ပဲခူးမြို့၌ နှစ်ကူးရေပက်ကစားပုံအကြောင်းကို ဖော်ပြထားပါသည်။ ထိုမှတ်တမ်းများအရ မြန်မာတို့၏သင်္ကြန်ပွဲသည် ရာစုနှစ်များစွာ အစဉ်အလာမပျက် ကျင်းပလာခဲ့သည့် ပွဲတော်ဖြစ်ကြောင်း အခိုင်အမာဆိုနိုင်ပါသည်။ အစဉ်အလာ ကြီးမားသည့် မြန်မာတို့၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တစ်ခုလည်း ဖြစ်ပါ၏။ ထိုနှစ်ကူးအတာသင်္ကြန်ကို မြန်မာတစ်နိုင်ငံလုံးတွင်ကျင်းပကြပြီး ပွဲကျင်းပသည့်ရက် အကြာဆုံးလည်းဖြစ်၏။ သင်္ကြန်ရက်များတွင် နိုင်ငံတစ်ဝန်းနေထိုင်ကြသူ လူကြီးလူငယ်မရွေး၊ကျားမ မရွေး လူတန်းစား အားလုံးပျော်ရွှင်စွာ ရေပက်ကစားကြသည်မှာ အခြားသောပွဲတော်များထက် ထူးခြားမှုတစ်ခုဖြစ်၏။ နှစ်ကူးသင်္ကြန်ရက်များတွင် နှစ်ဟောင်းမှ အညစ်အကြေးတို့ကို ဆေးကြော၍ နှစ်သစ်ကိုကြိုဆိုရန်အတွက် တစ်ဦးကိုတစ်ဦး ချစ်ကြည်စွာ ရေပက်ဖျန်းကစားကြရာ မြန်မာတို့၏ ချစ်စရာဓလေ့များ၊ ဘာသာရေး၊လူမှုရေး အစဉ်အလာများနှင့် စိတ်ရင်းသဘောထားများကို တွေ့မြင်နိုင်သည်။

သင်္ကြန်တွင်း၌ ရေပက်ကစားသည်ဆိုသော်လည်း ဥပုသ်သည်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာမကျန်းသူများတော့ ရေမပက်ကြ။ ဥပုသ်သည်များကို ရေမပက်ကြသော်လည်း ကျောင်းတွင်းဥပုသ်သည်များဆိုပါက ရေပက်ကြပါသည်။ ငယ်စဉ်က အိမ်ရှေ့တွင် ရေပုံးချ၍ ရေပက်လျှင် မိဘများက ဘေးမှာထိုင်ကြည့်ရင်း ဘယ်သူလာပြီ ပက်ကြဟေ့ဟု ပြောလိုက်လျှင် ကလေးတစ်သိုက် ဝိုင်းပက်ကြသည်မှာ ရွှဲရွှဲစိုအောင်ထိပင်။ ပျော်တတ်၊ နောက်ပြောင်တတ်သူများအား ရေသွားပက်မိလျှင် သူ့ကိုရေပက်သည့် ကလေးကို ခေါင်းမှကိုင်၍ ကိုယ့်ပုံးထဲမှရေဖြင့်ပင် တစ်ခွက်ပြီးတစ်ခွက် ပြန်လောင်းခံရသဖြင့် ထွက်ပြေးရသည်များလည်းရှိသေးသည်။ သင်္ကြန်၏ ချစ်စရာ၊ ပျော်ရွှင်စရာကောင်းလှသည့် ဓလေ့များပင် ဖြစ်ပေ၏။ မိန်းမပျိုရှိသည့်အိမ်ဆိုလျှင် ထိုမိန်းမပျိုကို ရေပက်ရန် ကာလသားများက တဝဲလည်လည်နှင့် ချောင်းကြတော့သည်။ တစ်ခါတစ်ရံ မိန်းမပျိုကိုရေပက်ရန် သူမ၏ မိဘမောင်ဖွားထံ ခွင့်တောင်းလျှင် ကြည်ကြည်ဖြူဖြူပင် အိမ်အပြင်ထွက်ပေး၍ ရေပက်ခံကြသည်။ အကဲပိုသည့်သူများက မိန်းမပျိုအား ခေါင်းမှလောင်းမိ၍ အအောင်အငေါက် ခံရသည်များလည်း ရှိသေးသည်။ အငေါက်ခံရလျှင် စိတ်ဆိုးဖို့နေနေသာသာ တဟေးဟေးနဲ့ ပျော်၍ပင်မဆုံးနိုင်။ လူကြီးသူမများကို ရေပက်လိုပါက "သင်္ကြန်ရေနဲ့ ကန်တော့ပါရစေ" ဟု ယဉ်ကျေးစွာ ခွင့်တောင်း၍ တရိုတသေ ရေလောင်းကြလေ့ရှိသည်။ သင်္ကြန်တွင်းဖြစ်၍ တစ်ဦးကိုတစ်ဦး ရေပက်ဖျန်းကစားကြသော်လည်း ယဉ်ကျေးမှုမပျက်၊ အစဉ်အလာမပျက်၊ ယဉ်ကျေးစွာ ဆော့ကစားကြသည်မှာ နှစ်ကူးသင်္ကြန်၏ အနှစ်သာရဟုလည်း ဆိုနိုင်ပါ၏။

### အကမဏ္ဍပ်နှင့် အလှပြယာဉ်

မြန်မာ့ရိုးရာအတာသင်္ကြန်ရက်များတွင် နေ့ခင်းပိုင်း၌ ရေပက်ကစားကြပြီး ညပိုင်းတွင် အလှပြယာဉ်၊ သံချပ်ယာဉ်များက ရိုးရာအကမဏ္ဍပ်များသို့ သွားရောက်၍ ဖျော်ဖြေကြသည်။ ဆုပေးမဏ္ဍပ်ဆိုလျှင် အလှပြယာဉ်များက ပြိုင်ပွဲဝင်သီချင်းများဖြင့် သီဆိုပြိုင်ပွဲဝင်ကြသည်။ သို့ဖြစ်၍ အလှပြယာဉ်များက ပြိုင်ပွဲဝင်သီချင်းများကို အပြိုင်အဆိုင် စပ်ဆိုကြသည်။ ယာဉ်ကိုလည်း သင်္ကြန်ရိုးရာမပျက် အလှဆုံးပြင်ဆင်ကြသည်။ သင်္ကြန်နားနီးလျှင် ငွေကြေးတတ်နိုင်၍ သင်္ကြန်ပိုးရှိသူများက အလှပြယာဉ်များ ထွက်ရန် စိုင်းပြင်းကြ၏။ ရပ်ကွက်ထဲမှ ဝါသနာတူလူငယ်များ စုကြသည်။ သီချင်းရေး၊ သံချပ်ရေးပြီး အိမ်တစ်အိမ်တွင်စုကာ သီချင်းတိုက်၊ သံချပ်တိုက်ကြသည်။ သူ့ထက်ငါ ကောင်းအောင်၊ ငွေဖလားဆုရအောင် ကြိုးပမ်းကြသည်။ တော်တော်တန်တန် ဝါသနာပိုးနှင့်မရ။ အလုပ်ပျက်၊ အအိပ်ပျက်နှင့် နေ့နေ့ညည ပြင်ဆင်ရသည်။ ထို့ကြောင့်လည်း သင်္ကြန်ရောက်လျှင် သင်္ကြန်သီချင်းကောင်းများကို နှစ်စဉ်ကြားကြရသည်။ ဗဟိုမဏ္ဍပ်တွင် အလှပြယာဉ်ဆု၊ မဏ္ဍပ်ဆု၊ အကဆု၊ သီချင်းဆု စသဖြင့် ဆုများပေးအပ်သဖြင့် အပြိုင်အဆိုင်ဖျော်ဖြေကြရာ ကြည့်သူအပေါင်းမှာ တဝကြီး ကြည့်ရသည်။ ကြည့်သူများကလည်း ညပိုင်းတွင် မဏ္ဍပ်တကာလှည့်၍ ကြည့်ပြီး ဘယ်မဏ္ဍပ်ရဲ့ အပြင်အဆင်ကလှတာ၊ ဘယ်အဖွဲ့က အကကောင်းတာ၊ အဆိုကောင်းတာ၊ ဘယ်အလှပြယာဉ်ကတော့ ဘယ်လိုကောင်းတာ စသဖြင့် နောက်ရက်တွင် ပြော၍မဆုံးတော့။ နာမည်ကြီး အကမဏ္ဍပ်များဆို လူတိုး၍မပေါက်တော့။ သံချပ်အဖွဲ့များ၏ ထိထိမိမိသံချပ်များဆိုလျှင် ပရိသတ်အကြိုက်ပင်။ အလှပြယာဉ်ဖျော်ဖြေမှုကောင်းလျှင် ထိုအလှပြယာဉ်နောက်သို့ စက်ဘီးဖြင့် တကောက်ကောက် လိုက်ကြည့်ရသည်မှာ မောရမှန်း၊ ပင်ပန်းရမှန်းပင်မသိ။ သင်္ကြန်သီချင်းကောင်းလျှင် လူတိုင်းပါးစပ်ဖျားသို့ ထိုသီချင်းရောက်တော့သည်။

> ◆ ခေတ်အလိုက် လူမှုပတ်ဝန်းကျင်၏အခြေအနေများကြောင့် ပြောင်းလဲမှုများရှိတတ်ကြသော်လည်း မည်သည့်လူမျိုးမဆို မိမိတို့၏ယဉ်ကျေးမှုဓလေ့ထုံးစံများကို အစဉ်အဆက်လက်ဆင့်ကမ်း ထိန်းသိမ်းကာ နှလုံးသားထဲ၊ ရင်ထဲတွင် မြတ်နိုးစွာ ထိန်းသိမ်းထားလေ့ရှိ။ မြန်မာ့ရိုးရာအတာသင်္ကြန်သည်လည်း ထို့အတူပင်ဖြစ်။ သင်္ကြန်ချိန်ရောက်တိုင်း ကျွန်တော်တို့၏အသိတွင် သင်္ကြန်ဝိညာဉ်တို့ နိုးထလာကြစမြဲ။ သင်္ကြန်ကာလအတွင်း ရေမကစားသည့်တိုင် သင်္ကြန်၏အစဉ်အလာများနှင့်အညီ ဖြတ်သန်းကြလေ့ရှိသည်မှာ သင်္ကြန်၏ချစ်စရာဓလေ့ပင် မဟုတ်ပါလား။ သင်္ကြန်ရောက်လျှင် ကုသိုလ်ဒါနပြုရန်၊ ဥပုဒ်သီလဆောက်တည်ရန်အတွက် မသိစိတ်တွင် အလိုလို ပေါ်လာတတ်ကြ။ မိမိတို့တတ်နိုင်သလောက် တစ်ဦးတည်းမှုဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ၊ အယုတ်အလတ်အမြတ်မရွေး မုန့်လုံးရေပေါ်ကျွေးခြင်း၊ စတုဒိသာကျွေးမွေးခြင်းဖြင့် ကုသိုလ်ပြုကြလေ့ရှိ။ သင်္ကြန်ရောက်သည်နှင့် လူကြီးများက ဘုန်းကြီးကျောင်းများသို့သွား၍ ဥပုသ်သီလဆောက်တည်။ အချို့ကလည်း ရေမကစားဘဲ ဥပုသ်ယူကြ။ အချို့က သင်္ကြန်တွင်း တစ်ပတ်၊ ဆယ်ရက် ကိုယ်နိုင်သရွေ့ ဒုလ္လဘရဟန်းဝတ်ကြသည်

*စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ရေကစားမဏ္ဍပ်တက်ရောက်ဖွင့်လှစ်

**နေပြည်တော် မေ ၁၃**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်တွင် ကျရောက်သည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲမည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်း အနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဇမ္ဗူ သီရိမြို့နယ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်း မိသားစုများ၏ ဉာဏသိဒ္ဓိရေ ကစားမဏ္ဍပ်၌ ကျင်းပ သည်။



အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ဇနီး၊ ဒုတိယ ဝန်ကြီး ဦးဝင်းဖေနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်နှင့် ဇနီး၊ အဆောက်အဦဦးစီးဌာန၊ လမ်း ဦးစီးဌာန၊ တံတားဦးစီးဌာနနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုး ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီး များ၊ ဌာနကြီးမှူးများ၊ ဝန်ထမ်းမိသားစုများ၊ နိုင်ငံ ကျော်အဆိုတော်များ၊ ယိမ်းအကအဖွဲ့များ၊ ဖိတ်ကြား ထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် အကြို ရေကစားမဏ္ဍပ်ကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူး ချုပ်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံကျော်အဆိုတော်များက မြန်မာ့ရိုးရာတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ယိမ်းအကအလှအဖွဲ့ များမှ "မြူမှောင်ဝေကင်း"သီချင်း၊ "ဆောက်လုပ် ရေးမှကြိုနေမယ်" သီချင်းနှင့် "မန်းတောင်ရိပ်ခို" တေးသီချင်းများဖြင့်လည်းကောင်း၊ ဖိတ်ကြား ထားသည့် ဝန်ကြီးဌာနများမှ ယိမ်းအကအဖွဲ့များက ရိုးရာတေးသီချင်းများဖြင့်လည်းကောင်း ကပြ ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးပြီး တက်ရောက်လာသူများကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်း၍ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အား ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာအတာသင်္ကြန် ပွဲတော်ကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဉာဏသိဒ္ဓိ ရေကစားမဏ္ဍပ်၌ ယနေ့မှ သင်္ကြန်အတက် နေ့အထိ နေ့စဉ် အဆိုတော်များ၊ ယိမ်းအကအဖွဲ့များ က အလှည့်ကျ သီဆိုကပြဖျော်ဖြေတင်ဆက်ခြင်း၊ ရေကစားခြင်းများနှင့် စတုဒိသာအကျွေးအမွေးများ ဖြင့် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**



ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲကို မေ ၁၃ရက်က ကျင်းပ ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လှိုင်နှင့် အဖွဲ့ဝင်များနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ်။ ခရိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မေ ၁၃ ရက်က ဖျာပုံမြို့ ပြည်သူ့ပန်းခြံရှေ့ ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေး မှူး ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက် ထားမောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးစဉ်။ ခရိုင်(ပြန်/ဆက်)

*စာမျက်နှာ ၆ မှ*

ထို့ကြောင့်လည်း အကမဏ္ဍပ်များ၊ အလှပြယာဉ်များဖြင့် စည်ကားခဲ့သော သင်္ကြန်ကာလများအတွင်းက မြန်မာ့ ရိုးရာသင်္ကြန်သီချင်းကောင်းများ အများ ဆုံး ထွက်ခဲ့သည်ကို တွေ့ရသည်။ ထိုသီချင်းများမှာ သင်္ကြန်ကာလရောက် တိုင်း လွှမ်းမိုးခဲ့သည်မှာ ယနေ့ထက် တိုင်ပင်ဖြစ်၏။ ထိုစဉ်က ဌာနဆိုင်ရာ များ၊ ရပ်ကွက်အလိုက်နှင့် တစ်ဦးချင်း ငွေကြေးတတ်နိုင်သူများက အကမဏ္ဍပ် များ၊ အလှပြယာဉ်များကို ဦးဆောင် လုပ်နိုင်ကြသဖြင့် သင်္ကြန်ကို စည်ကား စွာ ဆင်နွှဲနိုင်ခဲ့ကြသည်။ အပြိုင်အဆိုင် ဟုပင် ဆိုနိုင်သည့်ကာလဖြစ်သည်။ သင်္ကြန်မတိုင်မီကပင် ကြိုတင်ပြင်ဆင် ကြ၏။ သင်္ကြန်ပြီးလျှင်တော့ အတိုးချ ပင်ပန်းကြတော့၏။ ပင်ပန်းလည်း ခဏ သာဖြစ်၏။ နောက်နှစ် သင်္ကြန်ချိန်ရောက် လျှင် သင်္ကြန်ပိုးများ ထလာပြန်ကြသည်။ နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုး ကြောင့် သင်္ကြန်ပွဲစည်ကားမှုများ လျော့ကျလာခဲ့သည်။ ထိုသို့သောသင်္ကြန် မြင်ကွင်းများ၊ ဖန်တီးမှုများ၊ ဖျော်ဖြေမှု များ မကြည့်ရ၊ မကြားရတော့သည်မှာ ဆယ်စုနှစ်များပင် တိုင်ခဲ့လေပြီ။ လွမ်းမောတမ်းတစရာ အတိတ်၏ သင်္ကြန်ပုံရိပ်များပင်။

### သင်္ကြန်ယဉ်ကျေးမှုအစဉ်အလာများ

မြန်မာတို့၏ နှစ်ကူးအတာသင်္ကြန် သည် ရေပက်ဖျန်းသည့် ပွဲတော်ဟု ဆိုသော်လည်း တစ်ဦးကိုတစ်ဦး ရေပက် ဖျန်းရုံ သက်သက်မဟုတ်။ ရေပက်ကစား သည့် အဓိပ္ပာယ်၊ အနှစ်သာရနှင့် ယဉ်ကျေးမှုအစဉ်အလာများ ရှိကြ၏။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းရာ တွင် နှစ်ဟောင်းမှ အညစ်အကြေးများ၊ မကောင်းမှုများ ကင်းစင်စေရန်နှင့် ကောင်းသောအတိတ်ကောင်း၊ နိမိတ် ကောင်းများရရှိစေရန်အလို့ငှာ အတာ ရေပက်ဖျန်းခြင်း၊ ကောင်းမှုကုသိုလ်ပြု ခြင်းများဖြင့် နှစ်ကူးကြ၏။ ရှေးယခင်က သင်္ကြန်ချိန်ရောက်လျှင် နန်းမြို့တံခါး ၁၂ ရပ်မှ အခါတော်ကြား အမြောက် သုံးချက်စီဖောက်၍ သင်္ကြန်ကျသည်ကို နိုင်ငံသို့ အသိပေးကြောင်း ဆရာမကြီး လူထုဒေါ်အမာက "အမေ့ ရှေးစကား" တွင် ရေးသားထားသည်။ ကျွန်တော်တို့ သိတတ်သည့်အရွယ်တွင် သင်္ကြန် အမြောက်ဖောက်သံ မကြားရတော့။ ထိုသင်္ကြန် အမြောက်ဖောက်သံသည် အသံမည်ရန်အတွက်သာ ဖောက်ခြင်း ဖြစ်သဖြင့် ထိခိုက်မှုမရှိကြောင်း၊ ထို့ကြောင့် "ဟန်သာရှိပြီး အဆန် မပါဘူး၊ သင်္ကြန်အမြောက်ပဲ" ဟု တင်စားပြောကြကြောင်း ဆရာမကြီးက မှတ်တမ်းတင် ရေးသားထားသည်ကို တွေ့ရပါသည်။

ပုံမှန်အားဖြင့် အတာသင်္ကြန်ပွဲသည် အကြို၊ အကျ၊ အကြတ်၊ အတက်နေ့ဟူ၍ လေးရက်ကြာမြင့်သည်။ အကြတ်နေ့ နှစ်ရက်ဖြစ်ပါက ငါးရက်ကြာမြင့်သည်။ အကြိုနေ့တွင် ရေပက်ကစားလေ့ မရှိ သော်လည်း အချို့ကတော့ အကြိုနေ့တွင် ပင် ရေကစားကြသည်လည်း ရှိကြသည်။ အကျ၊ အကြတ်နှင့် အတက်နေ့များတွင် ရေပက်ကစားကြပြီး အတက်နေ့ပြီး နှစ်ဆန်း ၁ ရက်နေ့တွင်မူ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပရိတ်တရားတော် များ ရွတ်ဖတ်ပူဇော်ခြင်း၊ အလှူဒါနပြု ခြင်းနှင့် ကုသိုလ်ကောင်းမှုပြုခြင်းတို့ ပြုကြသည်။ နှစ်ကူးတွင် ပက်ဖျန်းသည့် သင်္ကြန်ရေသည် အန္တရာယ်ကင်းသည်ဟု ရှေးလူကြီးသူမများက ပြောဆိုခဲ့သဖြင့် သင်္ကြန်တွင်း၌ တစ်ကြိမ်တစ်ခါလောက် ဖြစ်ဖြစ် ရေအစိုခံလေ့ရှိကြသည်။ ဆရာ ဦးဘသိန်း (မန္တလေး) က "ရေပက်ခံမယ်" သီချင်းတွင် သင်္ကြန်ရေဆိုတာ အန္တရာယ် ကင်းတယ်၊ ပက်စမ်းခင်ရယ်..." ဟု ဖွဲ့ဆို သီကုံးခဲ့သည်။ သင်္ကြန်ရေကစားရာတွင် ချစ်ကြည်ခြင်း၊ ကျီစယ်ခြင်း၊ ပျော်ရွှင် စေခြင်း၊ အေးချမ်းစေခြင်း အဓိပ္ပာယ် များစွာဖြင့် တစ်ဦးကိုတစ်ဦး အတာရေ ပက်ဖျန်းကြ၏။ နှစ်ကာလများပြောင်းလဲ လာသည့်အလျောက် ရေပက်ကစားကြ သည့် သွင်ပြင်များနှင့် ပုံစံများ ပြောင်းလဲ လာသော်လည်း သင်္ကြန်၏အဓိပ္ပာယ်၊ အနှစ်သာရနှင့် ယဉ်ကျေးမှု အစဉ်အလာ ဓလေ့များမှာ မပြောင်းမလဲရှိနေဆဲ ဖြစ်ပါသည်။

ခေတ်အလိုက် လူမှုပတ်ဝန်းကျင်၏ အခြေအနေများကြောင့် ပြောင်းလဲမှုများ ရှိတတ်ကြသော်လည်း မည်သည့်လူမျိုး မဆို မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံ များကို အစဉ်အဆက်လက်ဆင့်ကမ်း ထိန်းသိမ်းကာ နှလုံးသားထဲ၊ ရင်ထဲတွင် မြတ်နိုးစွာ ထိန်းသိမ်းထားလေ့ရှိကြပါ သည်။ မြန်မာ့ရိုးရာအတာသင်္ကြန်သည် လည်း ထို့အတူပင် ဖြစ်၏။ သင်္ကြန်ချိန် ရောက်တိုင်း ကျွန်တော်တို့၏အသိတွင် သင်္ကြန်ဝိညာဉ်တို့ နိုးထလာကြစမြဲ ဖြစ်သည်။ သင်္ကြန်ကာလအတွင်း ရေမကစားသည့်တိုင် သင်္ကြန်၏ အစဉ် အလာများနှင့်အညီ ဖြတ်သန်းကြလေ့ ရှိသည်မှာ သင်္ကြန်၏ချစ်စရာဓလေ့ပင် မဟုတ်ပါလား။ သင်္ကြန်ရောက်လျှင် ကုသိုလ်ဒါနပြုရန်၊ ဥပုသ်သီလဆောက် တည်ရန်အတွက် မသိစိတ်တွင် အလိုလို ပေါ်လာတတ်ကြသည်။ မိမိတို့ တတ်နိုင် သလောက် တစ်ဦးတည်းမှဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ၊ အယုတ်အလတ် အမြတ်မရွေး မုန့်လုံးရေပေါ်ကျွေးခြင်း၊ စတုဒိသာကျွေးမွေးခြင်းဖြင့် ကုသိုလ်ပြု ကြလေ့ရှိသည်။ သင်္ကြန်ရောက်သည်နှင့် လူကြီးများက ဘုန်းကြီးကျောင်းများသို့ သွား၍ဥပုဒ်သီလဆောက်တည်ကြသည်။ အချို့ကလည်း ရေမကစားဘဲ ဥပုသ်ယူ ကြသည်။ အချို့က သင်္ကြန်တွင်း တစ်ပတ်၊ ဆယ်ရက် ကိုယ်နိုင်သရွေ့ ဒုလ္လဘရဟန်းဝတ်ကြသည်။

နှစ်ဆန်း ၁ ရက်နေ့ ရောက်လျှင် နှစ်သစ်ကို ကောင်းမှုကုသိုလ်များပြုကာ ဖြတ်သန်းကြသည်။ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ဇီဝိတ ငါးလွှတ်ခြင်း များဖြင့် ကုသိုလ်ယူကြသည်။ မိမိ ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အို အဘိုးအဘွားတို့ကို ခြေသည်းလက်သည်း ညှပ်ပေးကြသည်၊ ခေါင်းလျှော်ပေးကြ သည်မှာ မြန်မာတို့၏ ချစ်စရာဓလေ့ များပင်ဖြစ်၏။ အချို့ကလည်း ဘုရား ကျောင်းကန်များသို့သွား၍ ဘုရား ရေသပ္ပာယ်ကြသည်၊ ရောင်တော်ဖွင့်ကြ သည်။ အချို့ကလည်း မိမိအိမ်ရှိ ဘုရား ကို ရောင်တော်ဖွင့်ကြသည်။ လူငယ် လူလတ်တို့က ရပ်ကွက်အတွင်းရှိ ရေတွင်းရေကန်များကို ဆယ်ပေး၍ သန့်ရှင်းပေးကြသည်။ ထိုဓလေ့ကို ယခုအခါ မြို့ကြီးပြကြီးတွင် သိပ်မတွေ့ ရတော့။ ရေတွင်းရေကန် အသုံးနည်းသွား ခြင်းကြောင့်လည်းဖြစ်မည်။ နယ်ဘက် များတွင်တော့ ထိုဓလေ့ကို တွေ့ရသေး ၏။ နှစ်ဆန်း ၁ ရက်နေ့ ညနေပိုင်း တွင် သံဃာတော်များပင့်၍ ရပ်ကွက် လမ်းထောင့်များ၌ အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ကြသည်။ ထိုအစဉ်အလာသည် မြန်မာမင်းများလက်ထက်ကပင် ရှိခဲ့ သည်ဟု သိရပါသည်။ နှစ်ကူးတွင် အတိတ်ကောင်း နိမိတ်ကောင်းများ ယူကြသကဲ့သို့ အန္တရာယ်ကင်းစေရန် ဖြစ်သည်။ ညပိုင်း၌ မိသားစုအတွင်း အဘိုးအဘွားနှင့် မိဘတို့ကို သားသမီး တို့က ကန်တော့ကြသည်။ မိဘများ ကလည်း နှစ်သစ်ဆုမွန်ကောင်းများ ဆုတောင်းပေးကြ၏။ ယဉ်ကျေးသိမ်မွေ့ သည့် သင်္ကြန်အစဉ်အလာများပင် ဖြစ်ပေ၏။

### လွမ်းစရာ့ပုံရိပ်များ

ရှေးမြန်မာမင်းများလက်ထက်မှပင် စတင်ခဲ့သည့် မြန်မာတို့၏နှစ်ကူးသင်္ကြန် ပွဲတော်နှင့် ယဉ်ကျေးမှုအစဉ်အလာများ ကို ရေးရမည်ဆိုလျှင် ကုန်နိုင်မည်မထင်။ ထိုယဉ်ကျေးမှုအစဉ်အလာတို့ အနက် အချို့မှာ အချိန်ကာလအလျောက် ပြောင်းလဲနေသည်များရှိပါ၏။ ပြောင်းလဲ သည်ဆိုရာတွင် ခေတ်၏တိုက်စားခြင်း၊ ပြင်ပယဉ်ကျေးမှု့လွှမ်းမိုးခြင်းတို့ကို မဆို လိုပါ။ အစဉ်အလာမပျက်သော၊ တိုးတက် သော ပြောင်းလဲခြင်းများကို ဆိုပါသည်။ ခေတ်ကာလ တိုက်စားမှုများကြောင့် ပြောင်းလဲမှုများရှိသည့်တိုင် ရိုးရာသင်္ကြန် ပွဲတော်၏ အနှစ်သာရများ၊ အစဉ်အလာ များနှင့် ချစ်စရာဓလေ့တို့မှာ မိမိတို့ အတွက် မည်သည့်အရာနှင့်မျှ အစားထိုး ၍ ရနိုင်လိမ့်မည်မထင်။ သင်္ကြန်ချိန်ခါ ရောက်တိုင်း လွမ်းဆွတ်သတိရမိသည်မှာ ယခုနှစ်မှမဟုတ်၊ နှစ်စဉ်နှစ်တိုင်းပင်။ နှစ်များ မည်မျှပြောင်းစေကာမူ ဟောင်း မသွားနိုင်သည်ကိုတော့ မအံ့ဩတော့ပါ။ မြန်မာနှစ်သစ်ကူး၍ တူးပို့သံကြားလျှင်၊ ပန်းပိတောက်များ ရွှေရည်လူးလျှင် ရင်ကိုလှုပ်ခတ်စေသည့် သင်္ကြန်၏ အတိတ်ပုံရိပ်တို့ နှစ်စဉ်ပေါ်နေဦး တော့မည်။ ။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကျင်းပ

**နေပြည်တော် ဧပြီ ၁၃**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ အုပ်ချုပ်/ နည်းပြများနှင့် အားကစားသမားများ၏ ပျော်ပျော်ရွှင်ရွှင် ရေပက်ကစားခြင်းများနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် သီဆိုကပြဖျော်ဖြေခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ၌ ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ အုပ်ချုပ်/ နည်းပြများနှင့် အားကစားသမားများ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခဲ့ကြသည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဌာနခွဲအသီးသီးမှ ညှော်ခံကျွေးမွေးသည့် မြန်မာ့ရိုးရာအစားအစာများကို ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၊ အားကစားသမားများနှင့်အတူ စားသောက်ပြီး ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဌာနခွဲများမှ ဝန်ထမ်းများက ယိမ်းအဖွဲ့များ၊ မြန်မာ့ရိုးရာသင်္ကြန်သီချင်းများ၊ သင်္ကြန်အကများ၊ Fitness Dance များဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများက ဖျော်ဖြေရေးအဖွဲ့များကို ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ခဲ့ကာ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်(အကြိုနေ့)ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် စတုဒိသာကျွေးမွေးလှူဒါန်းပွဲကျင်းပ



**ရန်ကုန် ဧပြီ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် စတုဒိသာကျွေးမွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ် ယာဉ်ရပ်နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အလုပ်အမှုဆောင်ကော်မတီဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး (ဗဟို) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မဟာသင်္ကြန်အကြိုနေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့လာရောက်ဖူးမြော်ကြသူများကို ကြက်သားကြာဆံကြော်၊ အချိုရည်၊ ရေသန့်များဖြင့် အာဟာရဒါန ပေးအပ်လှူဒါန်းကြသည်။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး (ဗဟို)သည် ဧပြီ ၁၄ ရက် မဟာသင်္ကြန်အကျနေ့တွင် သက်သတ်လွတ်သီးစုံဒံပေါက်ဖြင့်လည်းကောင်း၊ ဧပြီ ၁၅ ရက် မဟာသင်္ကြန်အကြတ်နေ့တွင် ကြက်ဆီထမင်းဖြင့်လည်းကောင်း၊ ဧပြီ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့တွင် ခေါက်ဆွဲကြော်ဖြင့် လည်းကောင်း၊ ဧပြီ ၁၇ ရက် နှစ်ဆန်းတစ်ရက်နေ့တွင် မုန့်ဟင်းခါးတို့ဖြင့်လည်းကောင်း ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာပြည်သူများကို အာဟာရဒါန လှူဒါန်း ကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုဇော်(သတင်းစဉ်)**

# မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက အထက်ပန်းဆိုးတန်းလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ဒေါ်တင်မိုးမိုးအေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းထွန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်ကျော်၊ အဖွဲ့ဝင်(၂) ဦးတင်မောင်ဦး၊ အဖွဲ့ဝင်(၃) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ခိုင်တို့က မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဖျော်ဖြေရေး ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြူမှောင်ဝေကောင်းသီချင်းနှင့် မြနန္ဒာသီချင်းတို့ဖြင့် ဗိုလ်တထောင်ခရိုင်အတွင်းရှိ မြို့နယ်များမှ သင်္ကြန်ယိမ်းအကအဖွဲ့များက ကပြဖျော်ဖြေကြရာ ဗိုလ်တထောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းထွန်းနှင့်အဖွဲ့ဝင်များက သပြေခက်နှင့်အတာရေများ လိုက်လံပက်ဖျန်းကြသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နေပြည်တော်နည်းပညာတက္ကသိုလ်တွင် ကျင်းပပြုလုပ်သည့် အစားအသောက်ဘေးကင်းလုံခြုံရေး အခြေခံသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲ တက်ရောက်

**နေပြည်တော် ဧပြီ ၁၃**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် နည်းပညာတက္ကသိုလ်၌ ကျင်းပသည့် အစားအသောက် ဘေးကင်းလုံခြုံရေး အခြေခံသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲသို့ တက်ရောက်သည်။




ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် စားရေရိက္ခာဖူလုံရေးကိုအထောက်အကူပြုနိုင်ရေး၊ လူမှုရေး ဦးတည်ချက်ဖြစ်သည့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး၊ ဒေသထွက်တန်ဖိုးမြှင့် MSME စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အစားအသောက် ဘေးကင်းလုံခြုံရေးသည် အခြေခံအချက်တစ်ခုဖြစ်ပါကြောင်း၊ Food Science and Technology နှင့် Food Security ဆိုင်ရာ သင်တန်းများနှင့် အသိပညာပေးပွဲများ၊ နှီးနှော ဖလှယ်ပွဲများကို ယခုထက် ပိုမိုကျယ်ပြန့် ထိရောက်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သင်တန်းသားများအနေဖြင့် ယခုသင်တန်းက လေ့လာသိရှိခဲ့ရသည့် အစားအသောက် ဘေးကင်းလုံခြုံရေးဆိုင်ရာ အသိအမြင်များကို သက်ဆိုင်ရာလုပ်ငန်းခွင်သို့ ပြန်လည်ရောက်ရှိလျှင် အကျိုးရှိစွာ ပြန်လည်အသုံးချခြင်းအပြင် လုပ်ဖော်ကိုင်ဖက်များနှင့် ပတ်ဝန်းကျင်ရှိ အခြားလုပ်ငန်းရှင်များနှင့် ပြည်သူများထံ ဆက်လက်ဖြန့်ဝေပေးရန် လိုအပ်ပါကြောင်း၊ မကြာမီ ကျရောက်တော့မည့် ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်မင်္ဂလာအခါသမယမှစ၍ လုပ်ငန်းများ အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများထံ စာကြည့်တိုက်အတွက် ဘာသာရပ်ဆိုင်ရာ စာအုပ်များ လှူဒါန်းပေးအပ်ပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။ ထို့နောက် သင်တန်းသားများ ကိုယ်စား နေပြည်တော်မှ ရာပြည့်မျှစ်ထုတ်လုပ်ရေး လုပ်ငန်းရှင်နှင့် သင်တန်းသူများကိုယ်စား စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးထုတ်ကုန်များ အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်း(နေပြည်တော်)မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာဌာနများရှိ အလုပ်ရုံများကို လည်းကောင်း၊ တက္ကသိုလ်ဥပဓိရုပ် ကောင်းမွန်စေရေး ဆောင်ရွက်ထားမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲကျင်းပ၊ သင်္ကြန်ချစ်သူပြည်သူများဖြင့် စည်ကားလျက်ရှိ



**ရန်ကုန် ဧပြီ ၁၃**

၁၃၈၅ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် ပြည်သူ့ရင်ပြင် ရန်ကုန်လမ်းလျှောက်သင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ အတာသင်္ကြန်မဏ္ဍပ်နေရာအသီးသီး၌ သင်္ကြန်ချစ်သူပြည်သူများနှင့်အတူ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ကြသည်။

**တက်ရောက်**

ဦးစွာ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ကျောက်တံတားမြို့နယ်ရှိ မြို့တော်ခန်းမရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့်ဇနီး၊ ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဌာနများမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှ တာဝန်သူများနှင့် အနုပညာရှင်များ၊ ယိမ်းအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ နာယကကြီး အလင်္ကာကျော်စွာ ဦးအောင်တင်ဝင်းက ၁၃၈၅ ခုနှစ်မှ ၁၃၈၆ ခုနှစ်သို့ ကူးပြောင်းမည့် မဟာသင်္ကြန်ပွဲတော်ကြီး စတင်နိုင်ရန်အတွက် ကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံအောင်မြင်စေခြင်းငှာ ပုဏ္ဏားစာဖတ် ခရုသင်းမှုတ်မင်္ဂလာကို ပြုလုပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ၁၃၈၅ ခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်ရေသဘင်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ဇော်ဟိန်းနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံကျော်တေးသံရှင် ဦးသန်းမြတ်စိုးက "မြူမှောင်ဝေကင်း" သီချင်းနှင့် တေးသံရှင် စိုးညီညီ၏ "နွေရတုပွဲတော်" သီချင်းတို့ဖြင့် ယိမ်းအဖွဲ့များက ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်လမ်းလျှောက်သင်္ကြန်နှင့် Royal-Apex မဏ္ဍပ်ဖွင့်ပွဲကို ကျင်းပရာ နိုင်ငံကျော်တေးသံရှင် ဦးသန်းမြတ်စိုးက "မြူမှောင်ဝေကင်း" သီချင်းနှင့် တေးသံရှင် စိုးညီညီ၏ "နွေရတုပွဲတော်" သီချင်းတို့ဖြင့် ယိမ်းအဖွဲ့များက ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ဖွင့်လှစ်ပြီး ယိမ်းအဖွဲ့များနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်အဖွဲ့များ ဖျော်ဖြေတင်ဆက်မှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်္ကြန်ချစ်သူပြည်သူများက ကြည့်ရှုအားပေးကြပြီး လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် သင်္ကြန်ချစ်သူပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲကြသည်။

ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် သင်္ကြန်ချစ်သူပြည်သူများ ပျော်ရွှင်အေးချမ်းစွာ ရေသဘင်ပွဲတော်ဆင်နွှဲနိုင်ရန်အတွက် ဌာနဆိုင်ရာရေကစားမဏ္ဍပ်များဖြစ်ကြသည့် ပိတောက်ကကြိုး၊ နှစ်သစ်မင်္ဂလာ၊ နွေဦးပိတောက်၊ တူးပို့တူးပို့၊ တန်ခူးရေစင်၊ ပိတောက်သစ္စာ၊ ပိတောက်ရိပ်၊ ပိတောက်လမ်း၊ သင်္ကြန်မိုး၊ တန်ခူးလေပြေ စသည့်ရေကစားမဏ္ဍပ်များအပြင် စားသောက်ဆိုင်တန်းများကိုလည်း ဖွင့်လှစ်ပေးထားသည်။

**အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲ**

ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်အကြိုနေ့တွင် ရန်ကုန်မြို့ရှိ ကျောက်တံတားမြို့နယ် ပန်ဆိုးတန်းလမ်းမပေါ်ရှိ ပိတောက်ရွှေဝါရေကစားမဏ္ဍပ်၊ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းမပေါ်ရှိ သင်္ကြန်မင်းသားကြီး ရေကစားမဏ္ဍပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သိန်းတင်လမ်းမပေါ်ရှိ မင်္ဂလာမေရေကစားမဏ္ဍပ်၊ ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းပေါ်ရှိ ဗိုလ်တထောင်မြို့နယ် မဟာသင်္ကြန်ရေကစားမဏ္ဍပ်၊ လသာမြို့နယ်တွင် ရွှေလုံမောင်မယ်ရေကစားမဏ္ဍပ်၊ ဒဂုံမြို့နယ်တွင် ဒဂုံမောင်မယ်ရေကစားမဏ္ဍပ်တို့အပြင် အရှေ့ပိုင်း၊ အနောက်ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်းတို့ရှိ ခရိုင်ဇုန်များတွင် ရေကစားမဏ္ဍပ်များ ဖွင့်လှစ်ထားရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သင်္ကြန်ချစ်သူပြည်သူများ အတာရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ကာလအတွင်း သင်္ကြန်ချစ်သူပြည်သူများ ပျော်ရွှင်စွာ ရေသဘင်ပွဲတော်ကို ဆင်နွှဲနိုင်စေရန်အတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့တို့က လုံခြုံရေးကိစ္စရပ်များကို အပြည့်အဝကူညီဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်း - တန်ခူးကိုဇော်

ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်

# မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုစစ်သမိုင်းပြတိုက်နှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်တက္ကသိုလ်သို့ သွားရောက်လေ့လာ

**နေပြည်တော် ဧပြီ ၁၃**

ဒုတိယအကြိမ် ရုရှား-မြန်မာ ပူးတွဲအကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နေ့လယ်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုစစ်သမိုင်းပြတိုက် (Central Museum of the Armed Forces of the Russian Federation) သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက ကြိုဆို၍ Senior Researcher Kostantin Morozov က ပြတိုက်အတွင်း လိုက်လံရှင်းလင်းပြသသည်။ ဗဟိုစစ်သမိုင်းပြတိုက်ရှိ ဒုတိယကမ္ဘာစစ်အတွင်း စစ်ပွဲဆိုင်ရာမှတ်တမ်းများနှင့် အောင်ပွဲရအထိမ်းအမှတ်များ ပြသထားသည့် Victory Hall၊ ၁၉၄၆ ခုနှစ်မှ လက်ရှိကာလအထိ ရုရှားတပ်မတော်၏ လှုပ်ရှားဆောင်ရွက်မှု သမိုင်းမှတ်တမ်းများအား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



ထို့နောက် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန စစ်တက္ကသိုလ်သို့ ဆက်လက်သွားရောက်ခဲ့ရာ စစ်တက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး Major General Viktor Vasilyevich Shulyak နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။ **(ယာပုံ)** ထို့နောက် ဗိုလ်လောင်းများအား လေ့ကျင့်သင်ကြားပေးသည့် ဌာနများဖြစ်သော မော်တော်ယာဉ်ဌာန၊ နည်းဗျူဟာဌာန၊ UAV နည်းပညာဆိုင်ရာ သင်ကြားပို့ချမှု၊ ဆင်မြူလေတာဖြင့် လက်တွေ့ပစ်ခတ်တိုက်ခိုက်လေ့ကျင့်မှု၊ ရှေးဦးသူနာပြုစုခြင်းဆိုင်ရာ သင်ကြားပို့ချမှုများ၊ ဗိုလ်လောင်းအိပ်ဆောင်နှင့် စာသင်ခန်းများအား လေ့လာကြည့်ရှုခဲ့ပြီး ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန စစ်တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်အတူ တရင်းတနှီး စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။



မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ (မော်စကို) သို့ သွားရောက်၍ သဒ္ဓမ္မဇောတိကာ သိမ်တော်၌ ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဒေါက်တာအစ္ဆရိယ၊ လက်ထောက်ကျောင်းထိုင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒမာလာလင်္ကာရနှင့် သံဃာတော် အရှင်သူမြတ်များထံမှ ငါးပါးသီလခံယူ ဆောက်တည်ခြင်း၊ တရားတော်နာယူကြည်ညိုခြင်း၊ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတော် အရှင်သူမြတ်များမှ အနုမောဒနာတရား မိန့်ကြားခြင်းနှင့် ရေစက်သွန်းချ အမျှပေးဝေခြင်းများ ပြုလုပ်ခဲ့ပြီး သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ပညာသင်ကြားလျက်ရှိသော မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိ ခေါင်းဆောင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားခြင်းများ ပြုလုပ်၍ စုပေါင်းအမှတ်တရဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နွေဥတုနှင့်ကျန်းမာရေး တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ပေး

ဒေါက်တာစုစုဒွေး၊ ဆွေဆွေ၊ ရီရီစန်း၊ နေနေနိုင်ရည် (တိုင်းရင်းဆေးပညာဦးစီးဌာန)

တိုင်းရင်းဆေးပညာအမြင်အရ နွေဥတု၏ သဘောသဘာဝများ၊ နွေဥတုတွင် အပြင်လောကဓာတ်နှင့် ကျန်းမာသည့်သူများ၏ ပကတိပုံမှန်လက္ခဏာများ၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ သမုဋ္ဌာန် အလိုအရ ပြုမူနေထိုင်စားသောက်ရမည့် အခြေအနေများနှင့် နွေဥတုတွင်ဖြစ်တတ်သော ရောဂါအချို့ကို တိုင်းရင်းဆေးဖြင့် ကာကွယ်စောင့်ရှောက်ခြင်းနှင့် ဆောင်ရန်၊ ရှောင်ရန်များကို သိရှိနိုင်စေရန် ကျန်းမာရေးဗဟုသုတ မျှဝေခြင်း အလို့ငှာ ရေးသားလိုက်ရပါသည်။



တိုင်းရင်းဆေးပညာအလိုအရ ဥတုကြီးသုံးပါးကို ပိုင်းခြားသတ်မှတ်ရာတွင် တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှ ဝါဆိုလပြည့်နေ့ ညဉ့်သန်းခေါင်ချိန်ထိ ဂိမ္ဟန္တဥတု(နွေဥတု)၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ ညဉ့်သန်းခေါင်ချိန်ထိ ဝဿန္တဥတု (မိုးဥတု)၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့ ညဉ့်သန်းခေါင်ချိန်ထိ ဟေမန္တဥတု (ဆောင်းဥတု)ဟူ၍ ရက်ပေါင်း ၁၁၈ ရက်စီ၊ လအားဖြင့် လေးလစီ ပိုင်းခြားထားပါသည်။ ဥတုသုံးပါး၌ လိုက်နာရန်နှင့် ရှောင်ကြဉ်ရန် အချက်များကို ကျင့်သုံးခြင်းဖြင့် ကျန်းမာခြင်းသုခကို ရရှိစေနိုင်သည်။

### နွေဥတုတွင် တွေ့ရှိရမည့် ပကတိလက္ခဏာများ

နွေဥတုတွင် အပြင်လောကဓာတ်ဩကာသနှင့် ကျန်းမာနေသော သူတို့၏ အတွင်းသန္တာန်၌ရှိသော ပကတိလက္ခဏာများမှာ အပူရှိန်များ လွှမ်းမိုးလျက်ရှိခြင်း၊ ရေဓာတ်များ လျော့နည်းခန်းခြောက်ခြင်း၊ သစ်ပင်တောတောင်တို့ ခြောက်သွေ့ခြင်း၊ လူသားတို့ အပူကို ကြောက်ရွံ့ခြင်း၊ အအေးကို လိုလားတောင့်တခြင်း၊ အအိပ်အစားကို လိုလားတောင့်တခြင်း၊ ကိုယ်စိတ်ပင်ပန်းနွမ်းနယ်ခြင်းတို့အပြင် တေဇောဓာတ်တစ်နည်းအားဖြင့် သည်းခြေဒေါသ အဓိက ထကြွချိန်ဖြစ်၍ အဆိုပါမီးဓာတ်ကို ငြိမ်းစေတတ်သော ဓာတ်စာဖြစ်သည့် အချိုအရသာကို သွေးသားမှ လိုလားတောင့်တခြင်းဖြစ်ပါသည်။ ဖော်ပြပါ လက္ခဏာများမှ ဆန့်ကျင်သည့် လက္ခဏာများကို တွေ့ရှိရပါက ကျန်းမာမှု ပျက်ပြားနိုင်သဖြင့် ကြိုတင်သတိပြုရမည်ဖြစ်ပါသည်။

### နွေဥတုနှင့် ဓာတ်သဘောတရား

တိုင်းရင်းဆေးပညာအရ နွေဥတုတွင် ပြင်ပဗဟိဒ္ဓသည် ပူပြင်းသောကြောင့် လူ၏ ခန္ဓာကိုယ်အတွင်း အဇ္ဈတ္တမှာ ပူနေသည်ဟု ဆိုပါသည်။ ပြင်ပရာသီဥတု အပူရှိန်ကြောင့် ခန္ဓာကိုယ်အတွင်း အဇ္ဈတ္တမှ အပူများကလည်း အပြင် မိဿကဓာတ်သဘော၏ ခေါ်ဆောင်ရာသို့ ထကြွနိုးကြား တိုးဝှေ့ပြီး အပြင်သို့ထွက်ရှိရန် လှုပ်ရှားနေကြသည်။ ထိုအချိန်များတွင် ခန္ဓာကိုယ်မှ ကောဋ္ဌာသများ အာကာသဓာတ် (အပွင့်ဓာတ်) ရရန် လိုအပ်ပါသည်။ သို့မဟုတ်ဘဲ အပူအခိုးအငွေ့ အဆိပ်တို့သည် ချွေးအဖြစ် ပြင်ပသို့ထွက်မရပါက ကိုယ်တွင်း၊ ဝမ်းတွင်း၊ အူတွင်းတို့တွင် ပိတ်လှောင်အကျဉ်းကျပြီး အတင်းတိုးဝှေ့ထွက်ပေါက်ရှာသောအခါ ဦးနှောက်သွေးကြောပေါက်ခြင်း၊ ပြတ်ခြင်းများ ဖြစ်ပေါ်လာတတ်သည်။ အတွင်းကောဋ္ဌာသများဖြစ်သော နှလုံး၊ အဆုတ်၊ အသည်း၊ ကျောက်ကပ် စသောအပိုင်းများတွင် အပူအခိုးအငွေ့များ စူးဝင်ခိုအောင်း လောင်မြိုက်ခံရ၍ ၎င်းအပူအခိုးအငွေ့များ ငုပ်ဝင်နေသော အစိတ်အပိုင်းများတွင် အနာရောဂါများ ကျရောက်တတ်ပါသည်။ အပူအခိုးအငွေ့ အဆိပ်တို့သည် ဦးခေါင်းနှင့် ဦးနှောက်ထဲရောက်ရှိပါက ခေါင်းအုံခြင်း၊ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ခေါင်းမကြည်မလင်ဖြစ်ခြင်းများ ဖြစ်တတ်ပြီး မျက်လုံးနှင့် နားထင်ကြောများ ရောင်ရမ်းနာကျင်ကိုက်ခဲစေတတ်ပါသည်။ နှလုံးတုန်ခြင်း၊ ရင်ခုန်မောပန်းခြင်း၊ ဆီးနှင့် ဆီးလမ်းကြောင်းဆိုင်ရာ ရောဂါများလည်း ဖြစ်တတ်ပါသည်။

### နွေဥတုတွင် ဖြစ်တတ်သော ရောဂါလက္ခဏာများနှင့် ကာကွယ်စောင့်ရှောက်ခြင်း

နွေဥတုတွင် အဖြစ်များတတ်သော ရောဂါအချို့ကို ဖော်ပြရလျှင် ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲခြင်း၊ မျက်စိကျိန်း၊ မျက်စိနာခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ ဆီးချုပ်၊ ဆီးပူ၊ ဆီးအောင့်ခြင်းနှင့် အပူဝင်၊ အပူငုပ်၊ အပူလျှပ်ခြင်းတို့ အများဆုံးဖြစ်တတ်ပါသည်။

ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲရောဂါကို ဖြစ်စေသောအကြောင်းများမှာ နေပူ၊ မီးပူတို့ကို လွှန်စွာခံခြင်း၊ အချိန်အခါမဲ့ ရေချိုးခြင်း၊ ပန်ကာလေ၊ ယပ်ခတ်လေတို့ကို လွှန်စွာခံခြင်း၊ အပူအစပ်များကို အလွန်စားသုံးခြင်းနှင့် ဆီး၊ ဝမ်း၊ သွေး၊ လေတို့ချုပ်ခြင်း စသောအကြောင်းများကြောင့် ဖြစ်စေပါသည်။ ထို့ကြောင့် ကိုယ်ခန္ဓာတွင် အပူရှိန်များတိုးလာခြင်း၊ သွေးတိုးခြင်း၊ သွေးခုန်နှုန်းမြန်ခြင်း၊ ချွေးငုပ်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဆီးနီခြင်း၊ ဝါခြင်း၊ ဆီးနည်းခြင်းနှင့် ကိုယ်လက်အင်္ဂါများ ကိုက်ခဲခြင်း၊ ဇက်ကြောတက်ခြင်း၊ ခေါင်းကိုက်၊ ဇက်လေး၊ ခေါင်းအုံခြင်း စသောလက္ခဏာများကို တွေ့ရှိရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ မဖြစ်ရလေအောင် နေပူ၊ မီးပူတို့ကို လွှန်စွာခံခြင်းမှ ရှောင်ကြဉ်ရန်၊ အချိန်မှန်ရေချိုးရန်၊ ပန်ကာလေ၊ ယပ်ခတ်လေ၊ လေအေးခံခြင်း စသည်တို့ကိုလည်း ကြာရှည်မခံမိရန် လိုအပ်ပါသည်။ အပူအစပ်များ လွှန်စွာစားသုံးခြင်းမှလည်း ရှောင်ကြဉ်ရပါမည်။ အလုပ်ကို ပုံမှန်လုပ်ကိုင်ခြင်းနှင့် ဆီး၊ ဝမ်း၊ သွေး၊ လေတို့ကို မှန်ကန်စွာ ပြုပြင်ပေးခြင်း စသည်ဖြင့် ပြုမူကျင့်သုံးနေထိုင်သွားရပါမည်။

နွေဥတုတွင် ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲခြင်းများဖြစ်ပါက ချွေးမငုပ်စေဘဲ ချွေးကလေး တစိုစိုဖြစ်နေစေရန် ကွမ်းရွက် ငါးရွက်ခန့်ကို ထန်းလျက် သုံးလုံးနှင့် ရောပြုတ်ပြီး အကြမ်းပန်းကန် တစ်လုံးစာ မနက်၊ နေ့လယ် နှစ်ကြိမ် ပူပူလေး သောက်ပေးနိုင်ပါသည်။ ထို့အပြင် ချင်းသုံးကျပ်သားခန့်နှင့် ထန်းလျက် သုံးလုံး ရောပြုတ်ပြီး အကြမ်းပန်းကန် တစ်လုံးစာ မနက်၊ နေ့လယ် နှစ်ကြိမ် ပူပူလေးသောက်ပေးနိုင်ပါသည်။ နန္ဒင်းမှိုင်း သို့မဟုတ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၄၃) (အကင်း ၁၀ ပါးဆေး)ကို မှိုင်းခံပြီး ရှူပေးနိုင်ပါသည်။

နွေဥတုတွင် ဖြစ်လေ့ရှိသော မျက်စိကျိန်း၊ မျက်စိနာ ဖြစ်ရခြင်း အကြောင်းများမှာ အပူမိခြင်း၊ အပူဝင်ခြင်း၊ နေပူ၊ မီးပူခံခြင်း၊ ဝမ်းချုပ်ခြင်း၊ ခြေထောက်အောက်ပိုင်း အအေးမိခြင်း စသော အကြောင်းများကြောင့် ဖြစ်ရပါသည်။ ဖြစ်ဆဲလက္ခဏာများမှာ မျက်စိကျိန်းခြင်း၊ မျက်စိနာခြင်း၊ မျက်သားနီခြင်း၊ မျက်ရည်ယိုခြင်း၊ မျက်ရိုးကိုက်ခြင်း၊ အလင်းရောင်ကိုမကြည့်လိုခြင်းစသော လက္ခဏာများဖြစ်တတ်ပါသည်။ မျက်စိကျိန်းခြင်း၊ မျက်စိနာရောဂါ မဖြစ်စေရန် နေပူ၊ မီးပူတို့ကို တတ်နိုင်သလောက် ရှောင်ကြဉ်ပါ။ နေပူထဲသွားသည့်အခါ နေကာမျက်မှန်တပ်ပါ။ ထီး၊ ဦးထုပ် ဆောင်းပါ။ ဆီး၊ ဝမ်းတို့ကို မှန်စေရန် လိုအပ်ပါသည်။ အကယ်၍ မျက်စိကျိန်း၊ မျက်စိနာရောဂါဖြစ်လာပါက မန်ကျည်းခေါက်ကို ဆားနှင့်ရောသွေးပြီး မျက်စိတွင် ကွင်းပေးခြင်း၊ နဖူးတွင် လိမ်းခြင်း၊ ဆင်တုံးမနွယ်ကို ဆားနှင့်သွေးပြီး မျက်စိကိုကွင်းခြင်း၊ ဆီးဖြူသီးနှင့် ဆားသွေးပြီး ကွင်းခြင်းများ ပြုလုပ်ပေးနိုင်ပါသည်။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၄၃) အကင်း ၁၀ ပါးဆေးကို မျက်စိကွင်းပါ။ မျက်စိကို ရှားစောင်းလက်ပပ်အနှစ်သား အုံပါ။ ငှက်ပျောသီးဖီးကြမ်း ပျော်ပျော်ကို စားပါ။ နံနက်အချိန် နွားနို့ကို ဆားခတ်ပြီးသောက်ပါ။ ညဘက်တွင် မန်ကျည်းဖျော်ရည်ကို ဆားခတ်ပြီး သောက်ပါ။ မျက်နှာသစ်သည့်အခါ ခြေထောက်ကို ရှေးဦးစွာ ရေလောင်းပြီးမှ သစ်ပါ။

နွေဥတုတွင် နှာခေါင်းသွေးလျှံခြင်းလည်း ဖြစ်တတ်ပါသည်။ အထူးသဖြင့် ကလေးသူငယ်များနှင့် လူရွယ်လူလတ်ပိုင်းများမှာ တွေ့ရတတ်ပါသည်။ နေပူ၊ မီးပူခံခြင်း၊ ဝမ်းချုပ်ခြင်း၊ အမျိုးသမီးများ သွေးချုပ်ခြင်း၊ အပူစာများ လွှန်ကဲစွာ စားသုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း စသောအကြောင်းများကြောင့် နှာခေါင်းသွေးလျှံနိုင်ပါသည်။ ဖြစ်ဆဲလက္ခဏာများမှာ နှာခေါင်းမှ သွေးလျှံခြင်း၊ မူးဝေခြင်း၊ မေ့လျော့ခြင်း၊ မျက်စိဝေခြင်း၊ မိုက်ခနဲဖြစ်တတ်ခြင်း စသောလက္ခဏာများကို တွေ့ရတတ်ပါသည်။ ပြုစုကုသနည်းမှာ နှာခေါင်းကို ရေခဲရေ သို့မဟုတ် ရေအေးဆွတ်ထားသော လက်ကိုင်ပဝါနှင့် အုပ်ထားပေးပြီး ပါးစပ်နှင့် ခေတ္တအသက်ရှူပေးပါ။ သွေးဆေးအေး တစ်မျိုးမျိုး၏ အနံ့ကိုရှူပေးပါ။ သပြေရွက်၊ ဩဇာရွက်၊ မာလကာရွက် တစ်မျိုးမျိုးကို ပွတ်ချေပြီး ရှူပေးပါ။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁၆) အပူငြိမ်းသွေးဆေးကို ရှူပေးနိုင်ပါသည်။ သကြားနှင့် သံပရာရည်ချိုချိုလေးဖျော်ပြီး တိုက်ပေးပါ။ ဝမ်းချုပ်၊ သွေးချုပ် မဖြစ်ရလေအောင် သတိပြုပါ။ မကြာခဏ နှာခေါင်းသွေးလျှံတတ်လျှင် မီးကွင်းဂမုန်း ငါးရွက်ခန့်ကို ရေသန့် တစ်လီတာနှင့် သုံးခွက် တစ်ခွက်တင် ကျိုပြီး သကြားခတ်၍ သောက်ပေးနိုင်ပါသည်။

■ **နွေဥတု၌ဖြစ်တတ်သော ရောဂါအချို့ကို တိုင်းရင်းဆေးဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် လိုက်နာဆောင်ရွက်ရန်များမှာ အထူးသဖြင့် နေရိပ်ထဲတွင်နေပါ။ အပြင်ထွက်သည့်အခါ ဦးထုပ်၊ ထီး အဆောင်းတစ်ခုခုဖြင့် သွားပါ။ ချို၊ အေး၊ မွှေးသော အစားအသောက်များကို စားပါ။ ဥပမာ – ဖရဲသီး၊ လိမ္မော်သီး၊ ကဗ္ဗလာသီး၊ ကျောက်ဖရုံသီး၊ ဘူးသီး၊ ဘူးရွက်စားပါ။ ရေချိုငါး၊ ငါးကလေး၊ ငါးကြင်း၊ စာကလေး၊ ချိုး၊ ခါ၊ ကြက်၊ ငုံးသား၊ ဆိတ်သားများစားပါ။ ကြေကျက်လွယ်သော အစားများစားပါ**

*စာမျက်နှာ ၁၁ သို့*

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာ အတာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲများ ပြုလုပ်

**နေပြည်တော် ဧပြီ ၁၃**

မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်မှ ၁၃၈၆ ခုနှစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ် ဖွင့်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်များ၌ ယနေ့ ညနေပိုင်းတွင် ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့၊ အဖွဲ့ဝင်များ၊ တိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်များမှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ယိမ်းအကအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထိုသို့ ရေကစားမဏ္ဍပ်ဖွင့်ပွဲများကို ကျင်းပပြုလုပ်ကြရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် စုပေါင်း အတာရေသဘင်မဏ္ဍပ်၌



လည်းကောင်း၊ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာ နှစ်သစ်ကူး မဟာအတာသင်္ကြန် ဗဟိုမဏ္ဍပ်၌ လည်းကောင်း၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် ရွှေနေကြာသင်္ကြန်မဏ္ဍပ်၌ လည်းကောင်း၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ဗဟိုမဏ္ဍပ်၊ ခိုလမ်မြို့ ဗဟိုမဏ္ဍပ်၊ နမ့်စန် မြို့နယ်ဗဟိုမဏ္ဍပ်နှင့် နမ့်စန် တပ်နယ်ဗဟိုမဏ္ဍပ်တို့၌ လည်းကောင်း၊ ကျိုင်းတုံမြို့ရှိ မြန်မာ့ရိုးရာမဟာအတာသင်္ကြန် ဗဟိုမဏ္ဍပ်နှင့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် မဟာအတာသင်္ကြန်ဗဟိုမဏ္ဍပ်တို့၌ လည်းကောင်း၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာအတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်၌လည်းကောင်း (အပေါ်ပုံ)၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာမဟာင်္ကြန် ပုလဲရွှေပြည်ရေကစားမဏ္ဍပ်၌လည်းကောင်း၊ ကျောက်တံခါးမြို့နယ် မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၊ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ရှိ လမ်းလျှောက် သင်္ကြန်ပွဲတော်နှင့် ရန်ကုန် တိုင်းစစ်ဌာနချုပ်၏ မိသားစုမဟာသင်္ကြန် ရေသဘင် ပွဲတော်မဏ္ဍပ်တို့၌ လည်းကောင်း၊ အနောက်တောင် တိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မဏ္ဍပ်၌ လည်းကောင်း၊ စစ်တွေမြို့ရှိ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ လည်းကောင်း၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ် ဗဟိုမဏ္ဍပ်၌ လည်းကောင်း၊ မန္တလေးမြို့ရှိ ဈေးချိုသူ မဟာသင်္ကြန်မဏ္ဍပ်နှင့် မင်္ဂလာမန္တလေး မြန်မာ့ရိုးရာ လမ်းလျှောက် အတာသင်္ကြန်ဖွင့်ပွဲ၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်ရှိ နန်းမြို့သူ မဟာသင်္ကြန်ပွဲတော် ရေကစားခြင်းနှင့် နန်းမြို့သူ ဖျော်ဖြေရေးမဏ္ဍပ်၊ မန္တလေး မြို့တော် မဟာင်္ကြန်မဏ္ဍပ်တို့၌ လည်းကောင်း၊ တောင်ပိုင်း တိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ လည်းကောင်း အသီးသီးပြုလုပ်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဗဟိုအကြံပေးအဖွဲ့၊ အဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတာသင်္ကြန် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ယိမ်းအကအလှများဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေခြင်း၊ စတုဒိသာ ကျွေးမွေးခြင်းနှင့် ပျော်ရွှင်စွာရေပက်ကစားခြင်းတို့ဖြင့် အတာရေသဘင် ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

နွေဥတုတွင် ဆီးချုပ်၊ ဆီးပူ၊ ဆီးအောင့်ရောဂါလည်း အဖြစ်များပါသည်။ ၎င်းရောဂါဖြစ်ရခြင်း အကြောင်းများမှာ အပူဝင်၊ အပူငုပ်ခြင်း၊ အထိုင်များခြင်း၊ ပူသောဆေးအစာများကို စားသောက်မှုများခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်စာများကို အစားများခြင်း စသောအကြောင်းများကြောင့် ဖြစ်ရပါသည်။ ဖြစ်ဆဲလက္ခဏာများမှာ ဆီးနီခြင်း၊ ဝါခြင်း၊ ဆီးနည်းခြင်း၊ ဆီးပူခြင်း၊ ဆီးအောင့်ခြင်း၊ ကိုယ်ခန္ဓာအထက်ပိုင်းများ ကိုက်ခဲခြင်း၊ မျက်စိများဝေခြင်း၊ မျက်လုံးများပူခြင်း၊ အာခံတွင်းခြောက်ခြင်းနှင့် နှုတ်ခမ်းကွဲခြင်း စသည့် လက္ခဏာများကို တွေ့ရတတ်ပါသည်။ ထို့ကြောင့် တာရှည်စွာ ထိုင်ပြီး အလုပ်လုပ်ကိုင်ခြင်း၊ ပူသောဆေးအစာတို့ကို လွန်ကဲစွာ စားသုံးခြင်း၊ တစ်နေကုန် နေပူထဲတွင် အလုပ်လုပ်ပြီး ရုတ်တရက် ရေခဲစားခြင်း၊ ရေခဲရေ သောက်ခြင်း၊ ရေချိုးခြင်းမျိုးကို ရှောင်ကြဉ်ရပါမည်။ ဆီးသွားချင်သည့် အဟုန်ကို တားဆီးခြင်း၊ အောင့်ထားခြင်းမျိုး မပြုလုပ်ရပါ။ နံနက်အိပ်ရာထတွင် ရေကိုဝအောင် သောက်ပေးပါ။ ဆန်ဆေးရည် တစ်ဖန်ခွက်စာတွင် သကြားလက်ဖက်ရည်ဇွန်း တစ်ဇွန်းစာ ထည့်ပြီး သောက်ပေးပါ။ ဆူးလေပင် ပန္နင်းပါး လက်တစ်ဆုပ်စာကို ပြုတ်ပြီး လက်ဖက်ရည်ပန်းကန်တစ်လုံးစာ သောက်ပေးနိုင်ပါသည်။ ကသော့ပုပ် တစ်ပင်လုံး ပန္နင်းပါး လက်တစ်ဆုပ်စာကို နာရီဝက်ခန့်ပြုတ်ပြီး ပြုတ်ရည် လက်ဖက်ရည်ပန်းကန် တစ်လုံးစာကို တစ်နေ့ နှစ်ကြိမ် သောက်ပေးနိုင်ပါသည်။ ကျောက်ဖရုံသီးအတွင်းသားကို ခြစ်ပြီး အရည်ညှစ်ယူ၍ လက်ဖက်ရည် အကြမ်းပန်းကန်တစ်ဝက်တွင် ရှိန်းခို လက်ဖက်စားဇွန်း တစ်ဇွန်း၊ ဆားလက်ဖက်စားဇွန်း တစ်ဇွန်းစာထည့်ပြီး တစ်နေ့ နှစ်ကြိမ် သောက်ပေးလျှင် ဆီးပူ၊ ဆီးအောင့်ရောဂါ သက်သာစေပါသည်။ ဂေါ်ဖီထုပ်ကို ပြုတ်၍ အကြမ်းပန်းကန် တစ်လုံးစာ သောက်ပေးခြင်း၊ ထန်းရည်ချိုကို သကြားနှင့်ရောနှောပြီး သောက်ပေးခြင်းများဖြင့်လည်း သက်သာစေပါသည်။

ထို့ပြင် နွေဥတုတွင် အဖြစ်များသောရောဂါတစ်ခုမှာ အပူလျှပ်ရောဂါ ဖြစ်ပါသည်။ ဖြစ်ရခြင်းအကြောင်းများမှာ နေပူလွန်စွာမိခြင်းနှင့် အလွန်အအေးမိခံခြင်း၊ ရေချိုးမှားခြင်း၊ နေပူကပြန် ရေချိုးခြင်း၊ ပန်ကာလေ၊ အဲကွန်းလေ အခံများခြင်း၊ ဆီး၊ ဝမ်းအချုပ်ခံခြင်း၊ အေးသော ဖွဲ့သောအစာများကို လွန်စွာ စားမိခြင်း၊ ပူရာမှ အေးသောဥတုနှင့် ကြုံကြိုက်ခြင်း၊ အေးရာမှ ပူသောဥတုနှင့် ကြုံကြိုက်ခြင်း စသည့်အကြောင်းရင်းများကြောင့် နှလုံးတွင် အပူဓာတ်များစုမိ၍ နှလုံးသွေးများ ဆူပွက်ပြီး ဖြစ်ပေါ်လာသည့် ဥဏှာဝါယောဓာတ်သည် ဦးနှောက်သို့ တွန်းတင်လိုက်သောအခါ သတိလစ်မေ့လဲခြင်းကို ဖြစ်ပေါ်စေပါသည်။ အပူလျှပ်သော လက္ခဏာများမှာ ပထမအဆင့်တွင် ကိုယ်ပူချိန်တက်ခြင်း၊ ဖျားခြင်း၊ ကိုယ်တစ်ပိုင်းပူ၊ တစ်ပိုင်းအေးဖြစ်နေတတ်ခြင်း၊ ကိုယ်လက်လေးလံ ထိုင်းမှိုင်းနေခြင်း (လေဖျန်းမည့် အခြေအနေရောက်နေခြင်း) ချွေးငုပ်နေခြင်း၊ နှာရည်၊ မျက်ရည်တို့ ယိုစီးနေတတ်ခြင်း၊ ဆီးပူခြင်း၊ ဆီးနည်းခြင်းတို့ဖြစ်ခြင်းနှင့် ဒုတိယအဆင့်တွင် နှလုံးသွေးဖောက်ပြန်မှုကြောင့် မေးလျှင် မထူးနိုင်ခြင်း၊ ခေါ်လျှင် မကြားနိုင်ခြင်း၊ စကားမပီသခြင်း၊ သတိချို့ယွင်းခြင်း၊ အပူကြီး၍ မူးလဲခြင်းလက္ခဏာများကို ဖြစ်စေတတ်ပါသည်။ အပူနှင့်လေ အထက်သို့ တက်ပြီး ဦးနှောက်သွေးကြောပေါက်ခြင်း (လေဖြတ်ခြင်း)တို့ အဆင့်ဆင့်ဖြစ်စေပါသည်။ ဤအဆင့်တွင် အသက်အန္တရာယ်ထိခိုက်စေနိုင်သော အရေးပေါ် အခြေအနေ ဖြစ်သည့်အတွက် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးပြသ ကုသမှုခံယူရမည် ဖြစ်ပါသည်။

### ဆောင်ရန်၊ ရှောင်ရန်များ

နွေဥတု၌ဖြစ်တတ်သော ရောဂါအချို့ကို တိုင်းရင်းဆေးဖြင့် ကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် လိုက်နာဆောင်ရွက်ရန်များမှာ အထူးသဖြင့် နေရိပ်ထဲတွင်နေပါ။ အပြင်ထွက်သည့်အခါ ဦးထုပ်၊ ထီး အဆောင်းတစ်ခုခုဖြင့် သွားပါ။ ချို၊ အေး၊ မွေးသော အစားအသောက်များကိုစားပါ။ ဥပမာ - ဖရဲသီး၊ လိမ္မော်သီး၊ ကမ္ဗလာသီး၊ ကျောက်ဖရုံသီး၊ ဘူးသီး၊ ဘူးရွက်စားပါ။ ရေချိုငါး၊ ငါးကလေး၊ ငါးကြင်း၊ စာကလေး၊ ချိုး၊ ခါ၊ ကြက်၊ ငုံးသား၊ ဆိတ်သားများစားပါ။ ကြေညက်လွယ်သော အစာများစားပါ။ ရာသီပေါ်အသီးအနှံများဖြစ်သော ဥသျှစ်ရွက်၊ ဥသျှစ်သီး၊ ရဲယိုသီး၊ ရဲယိုရွက်၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ ကုက္ကိုရွက်၊ ကြက်သဟင်းရွက်၊ ခံတက်ရွက်၊ ပျဉ်းတော်သိမ်ရွက်၊ ရှောက်ရွက်၊ဆိတ်ဖူး၊ နန္ဒင်း စသောအစားအစာများကိုလည်း စားပေးနိုင်ပါသည်။ ရေများများ သောက်ပါ။ အပူမစုပ်သော အရောင်ဖျော့သည့် ချည်ထည်အဝတ်အစားများ ဝတ်ဆင်ပါ။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ စသည့်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။ ချွေးများ၍ ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန်အတွက် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။ မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်း၊ ကရမက်ကိုသွေး၍ ကျဲကျဲပါးပါး လိမ်းပေးသင့်ပါသည်။ တိုင်းရင်းဆေးအမှတ်(၄၃) အကင်း ၁၀ ပါးဆေးကို ရေနှင့်ကျဲကျဲဖျော်ပြီး လိမ်းပေးနိုင်ပါသည်။ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်ပါ အချက်များကိုလည်း လိုက်နာဆောင်ရွက်ပါ။

**ရှောင်ကြဉ်ရန်အနေဖြင့်** ပူ၊ ခါး၊ စပ်အရသာရှိသော အစားအသောက်များ ရှောင်ပါ။ အရက်သေစာသောက်ခြင်း၊ အလွန်ပူသော ထမင်း၊ ဟင်း စားခြင်း၊ ရက်လွန်ချက်ပြုတ်ထားသော အစားအသောက်များစားခြင်း၊ ရေခဲရေ၊ အလွန်အေးသောရေ မသောက်သင့်ပါ။ အပူဆေး၊ အပူစာများကို ရှောင်ပါ။ အပူလျှပ်ပြီး အပြင်းဖျားခြင်း မဖြစ်စေရန် နွေဥတု နေပူပြင်းထန်ချိန်တွင် ချွေးငုပ်စေသော လေအေးတိုက်ခံခြင်း၊ ပန်ကာလေခံခြင်း၊ ရေခဲရေ စသော အအေးလွန် အစားအသောက်များကို စားသောက်ခြင်းနှင့် အထူးသဖြင့် ရေချိုးမမှားစေရန် သတိပြုရှောင်ကြဉ်ရပါမည်။

တိုင်းရင်းဆေးပညာအရ မိမိ ပတ်ဝန်းကျင်မှာဖြစ်နေသော ရာသီဥတု၏ ပူသည်၊ အေးသည်ကို သတိပြု၍ အပြင်ရာသီဥတုအေးလျှင် အေးသလို ပူလျှင်ပူသလို အပြင်ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် နေထိုင်တတ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် နွေဥတုတွင် ရောဂါဘယကင်းဝေးစေရန် တိုင်းရင်းဆေးဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန် မြန်မာ့တိုင်းရင်းဆေးပညာအရ ကျန်းမာရေးအသိပေး နည်းလမ်းများနှင့်အညီ ပြုမူ၊ နေထိုင်စားသောက်သွားနိုင်ရန် အသိပေးရေးသားလိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်းများ**


- နာဂသေနာဘိဝံသ(အရှင်)၊ "စရကသံဟိတာကုထုံးကျမ်းကြီး" (ပ-တွဲ)၊ ၁၉၇၃ ခုနှစ်။
- ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ "ဌာနသုံးတိုင်းရင်းဆေးနည်းများ" ၁၉၉၀ ပြည့်နှစ်၊ မတ်လ။
- ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ "မြန်မာ့တိုင်းရင်းဆေးပညာ စံညွှန်းကုထုံး" ၂၀၁၃ ခုနှစ်။
- ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ "အခြေခံတိုင်းရင်းဆေးပညာပေး ရက်တိုသင်တန်းလက်စွဲစာအုပ်" ၂၀၁၄ ခုနှစ်၊ မတ်လ။
- ဘိုးလှိုင်(ဦး) "ဥတုဘောဇနသင်္ဂဟကျမ်း" ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ။


---

○ *ကျောဖုံးမှ*

အဆုံးသတ်သေချာသည့် နယူးကာဆယ်အသင်းက ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ နယူးကာဆယ်အသင်းအတွက် သွင်းဂိုးများကို အီဆတ်၊ ဂေါ်ဒွန်နှင့် ရှားတို့က သွင်းယူပေးနိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုး ရယူနိုင်ခဲ့သော တိုက်စစ်ကစားသမား အီဆတ်သည် ယခုနှစ်ရာသီတွင် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၄ ပွဲတွင် သွင်းဂိုး ၂၁ ဂိုးအထိ ရှိလာပြီဖြစ်သည်။ ထို့ပြင် အီဆတ်သည် ပရီမီယာလိဂ် ၂၄ ပွဲတွင် သွင်းဂိုး ၁၇ ဂိုးအထိ ရှိလာပြီဖြစ်ကာ သွင်းဂိုးအများဆုံးစာရင်းတွင် ဦးဆောင်ထားသူ မန်စီးတီး တိုက်စစ်ကစားသမား ဟာလန်း (၁၉ ဂိုး) ကို ဖိအားပေးလာနိုင်ပြီလည်း ဖြစ်သည်။ စပါးအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် အက်စ်တွန်ဗီလာအသင်းနှင့် ရမှတ် ၆၀ တူ ဂိုးကွာခြားချက်ကြောင့် အဆင့်(၅) သို့ ဆင်းပေးလိုက်ရပြီဖြစ်သည်။ နယူးကာဆယ်အသင်းသည် လာမည့်ပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့စ်၊ စပါးအသင်းက အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**အောင်ဇော်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် တက်ရောက်ဖွင့်လှစ်

**မော်လမြိုင် ဧပြီ ၁၃**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မွန်ပြည်နယ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကို ယနေ့ အတာသင်္ကြန်အကြိုနေ့ ညနေပိုင်းက မော်လမြိုင်မြို့ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်လင်းမောင်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး **(အောက်ဝဲပုံ)** ဧဝိတဒါန ငှက်လွှတ်ပေးခဲ့ကြသည်။



အလားတူ ရွှေဝင်းဝါဖူး သင်္ကြန်မဏ္ဍပ်နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် သင်္ကြန်မဏ္ဍပ်ကို ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး လှပျိုဖြူလေးများ၏ ယိမ်းအက ဖျော်ဖြေနေမှုများကို ကြည့်ရှု၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့် (ပြန်/ဆက်)**



မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက်က တာချီလိတ်မြို့၌ ကျင်းပလျက်ရှိရာ ပြည်သူများ ပျော်ရွှင်စွာ ရေကစားနေကြစဉ်။

မောင်ယဉ်ကျေး

# AA အကြမ်းဖက်သောင်းကျန်းသူများက ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဘင်္ဂါလီကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဘင်္ဂါလီလူမျိုး ကျေးရွာသူ၊ ကျေးရွာသားအချို့ သေဆုံးပြီး ဘာသာရေးအဆောက်အဦများ၊ လူနေအိမ်များနှင့် ဈေးဆိုင်များ မီးလောင်ပျက်စီးမှုများဖြစ်ပွား၊ ကျေးရွာသူ၊ ကျေးရွာသားများ ထွက်ပြေးတိမ်းရှောင်ရလျက်ရှိ

**နေပြည်တော် ဧပြီ ၁၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဘင်္ဂါလီကျေးရွာများဖြစ်သည့် ကွန်တိုင်ရွာကြီး၊ ရွက်ညိုတောင်ကျေးရွာနှင့် ဦးလှဖေကျေးရွာများအတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် ဘင်္ဂါလီလူမျိုး ကျေးရွာသူ၊ ကျေးရွာသားအချို့ သေဆုံးခဲ့ပြီး ဘာသာရေးအဆောက်အဦများနှင့် လူနေအိမ်များ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။



ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ဘင်္ဂါလီကျေးရွာများအား AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က အကြောင်းမဲ့လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ဘင်္ဂါလီလူမျိုးများ ထွက်ပြေးတိမ်းရှောင်နေရသည့် မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှာ AA အကြမ်းဖက်သောင်းကျန်းသူများသည် ဧပြီ ၁၂ ရက် ညနေ ၃ နာရီခွဲခန့်တွင် ဘင်္ဂါလီကျေးရွာများဖြစ်သည့် ကွန်တိုင်ရွာကြီး၊ ရွက်ညိုတောင်ကျေးရွာနှင့် ဦးလှဖေကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကျေးရွာများအတွင်းသို့ လက်နက်ကြီးဗုံးသီး ၁၅ လုံးထက် မနည်းကျရောက်ပေါက်ကွဲခဲ့ပြီး AA အကြမ်းဖက် သောင်းကျန်းသူ အင်အား ၁၀၀ ကျော်ခန့်မှာလည်း ကျေးရွာများအတွင်းသို့ ဝင်ရောက်၍ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာများအတွင်းရှိ ဘာသာရေးအဆောက်အဦများ၊ လူနေအိမ်များနှင့် ဈေးဆိုင်များ မီးလောင်ပျက်စီးခဲ့ရကြောင်းနှင့် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဘင်္ဂါလီကျေးရွာများအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့မှုကြောင့် အဆိုပါကျေးရွာများနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဘင်္ဂါလီလူမျိုး ကျေးရွာသူ၊ ကျေးရွာသားများ စုစုပေါင်း ၃၀၀၀ ကျော်ခန့်သည် ၎င်းတို့၏ ကျေးရွာများအား စွန့်ခွာ၍ ဘူးသီးတောင်မြို့ဘက်သို့ ထွက်ပြေးတိမ်းရှောင်နေရလျက်ရှိကြောင်း သိရှိရသည်။



ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိဘင်္ဂါလီကျေးရွာများအား AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က အကြောင်းမဲ့လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ဘင်္ဂါလီလူမျိုးများ ထိခိုက်ဒဏ်ရာ ရရှိသည့် မှတ်တမ်းဓာတ်ပုံ။

အဆိုပါ ဖြစ်စဉ်များနှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း လက်နက်ကြီးများ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခြင်း၊ တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသော AA အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များသည် လုံးဝလက်ခံနိုင်ဖွယ်ရာမရှိသည့် လုပ်ရပ်ဖြစ်သဖြင့် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ဘင်္ဂါလီကျေးရွာများအား AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က အကြောင်းမဲ့လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် နေအိမ်များပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧပြီ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ဘန်းကျေးရွာနေသူများဖြစ်သည့် “Aung Khant” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အေးမင်းအောင်နှင့် “Myint Soe Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စိုးစိုးမြင့်တို့အား မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ “User @ 4444088861145” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့နေ ဝင်းကိုအား မွန်းလွဲ ၃ နာရီ ၅၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အစ္စရေးနိုင်ငံကို တိုက်ခိုက်မည့်ကြံရွယ်မှုများအား ဆက်လက်မလုပ်ဆောင်ရန် အီရန်နိုင်ငံကို ဂျိုးဘိုင်ဒင်က ပြင်းပြင်းထန်ထန် အသိပေးပြောကြား


**ဝါရှင်တန် ဧပြီ ၁၃**

ဆီးရီးယားနိုင်ငံရှိ အီရန်သံရုံးကို ဧပြီ ၁ ရက်က ဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှုနှင့် ဆက်စပ်ပြီး အစ္စရေးနိုင်ငံကို တိုက်ခိုက်မည့်ကြံရွယ်မှုများအား ဆက်လက်မလုပ်ဆောင်ရန် အီရန်နိုင်ငံကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြင်းပြင်းထန်ထန် အသိပေးပြောကြားလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အသက်သေဆုံးမှုဖြစ်ပေါ်ခဲ့သော အဆိုပါတိုက်ခိုက်မှုအတွက် အီရန်က အစ္စရေးကို ပြစ်တင်လိုက်ပြီး လက်တုံ့ပြန်သွားမည်ဟုလည်း ဆုံးဖြတ်ထားကြောင်း သိရသည်။ သောကြာနေ့က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် အစ္စရေးကို အီရန်နိုင်ငံ၏ တိုက်ခိုက်မှု မည်သည့်အချိန်တွင် ဖြစ်နိုင်ကြောင်း သမ္မတဘိုင်ဒင်ကို မေးမြန်းရာ၌ ၎င်းက 'အနေးနှင့် အမြန်' ဟု ခန့်မှန်းကြောင်း ဖြေကြားခဲ့သည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုက အစ္စရေးနိုင်ငံ၏ကာကွယ်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသောကြောင့် အီရန်နိုင်ငံအနေဖြင့် အောင်မြင်မည်မဟုတ်ကြောင်း ၎င်းက ဆက်ပြောသည်။ အီရန်နိုင်ငံက အစ္စရေးနိုင်ငံကို တိုက်ခိုက်မှုမှာ အမှန်တကယ်ဖြစ်ဟန်ရှိပြီး အလားအလာရှိသော ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း အိမ်ဖြူတော်အမျိုးသားလုံခြုံရေးအကြံပေး ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက သတင်းထောက်များအား ပြောသည်။

ထို့ပြင် အမေရိကန်နိုင်ငံက အခြေအနေများကို အနီးကပ်စောင့်ကြည့်နေကြောင်းလည်း ၎င်းက ဆက်ပြောသည်။ တာဝန်ရှိသူအများအပြား၏ ပြောကြားချက်များကို ကိုးကားပြီး စီဘီအက်စ်သတင်းဌာနတွင် နိုင်ငံအတွင်းရှိ စစ်ရေးပစ်မှတ်များကို ရည်ရွယ်ကာ အစ္စရေးနိုင်ငံအား အီရန်နိုင်ငံ၏ ကြီးမားသောတိုက်ခိုက်မှုတွင် ဒရုန်းပေါင်း ၁၀၀ ကျော်နှင့် ဒုံးကျည်ပေါင်း ဒါဇင်ချီပါဝင်နိုင်ဖွယ်ရှိကြောင်း ဖော်ပြထားသည်။




**အင်န်ချိတ်ချ်ကေ**

# အိန္ဒိယ၌ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဓာတ်ငွေ့အခြေခံသည့်ဓာတ်အားပေးစက်ရုံများ အသုံးပြုမည်

**နယူးဒေလီ ဧပြီ ၁၃**

အိန္ဒိယဖက်ဒရယ် အစိုးရသည် ယခုနွေရာသီတွင် သာမန်ထက် ပိုပူပြင်းလာမည်ဟု ခန့်မှန်းထားသောကြောင့် ပိုမိုမြင့်မားသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဓာတ်ငွေ့အခြေခံသည့် ဓာတ်အားပေးစက်ရုံများ အသုံးပြုရန် ဆုံးဖြတ်ခဲ့ကြောင်း အာဏာပိုင်များက ဧပြီ ၁၂ ရက်တွင် ပြောကြားသည်။

ဓာတ်ငွေ့အခြေခံသည့် ဓာတ်အားပေးစက်စခန်းများ၌ ဓာတ်အားအမြင့်ဆုံး ထုတ်လုပ်နိုင်စေရန် အစိုးရက ဓာတ်ငွေ့အခြေခံ ဓာတ်အားပေးစက် စခန်းများသို့ ညွှန်ကြားချက်များ ထုတ်ပြန်ထားသည်ဟု အိန္ဒိယနိုင်ငံ၏ လျှပ်စစ်ဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ဧပြီလမှ ဇွန်လအတွင်း အပူချိန်လွန်ကဲမည်ဟု ခန့်မှန်းထားသောကြောင့် ပူပြင်းသည့် နွေရာသီကာလများ၌ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ တိုးလာနိုင်ကြောင်း သိရသည်။



စီးပွားရေး တိုးမြင့်လာမှုနှင့် ရာသီဥတုပူပြင်းလာမှုတို့ကြောင့် အိန္ဒိယနိုင်ငံ၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ လျင်မြန်စွာ တိုးလာကြောင်း၊ ၂၀၂၄ ခုနှစ်တွင် နိုင်ငံအများအစု၌ ပုံမှန်ထက် အပူချိန် အမြင့်မားဆုံးဖြစ်နိုင်သည်ဟု အိန္ဒိယမိုးလေဝသဌာန (အိုင်အမ်ဒီ) က ခန့်မှန်းထားကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

**ဆင်ဟွာ**

# ဟာစ်ဗိုလာများက အစ္စရေးသို့ ဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်

**ဂျေရုဆလင် ဧပြီ ၁၃**

လက်ဘနွန်နိုင်ငံအတွင်းမှနေ၍ ဧပြီ၁၃ ရက်တွင် ဟာစ်ဗိုလာများက အစ္စရေးသို့ ဒုံးကျည်အစင်း ၄၀ ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု အစ္စရေးတပ်ဖွဲ့က ပြောသည်။ သို့သော်လည်း ယင်းသို့တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူတစ်ဦးမျှ မရှိကြောင်း အစ္စရေးတပ်ဖွဲ့က ပြောသည်။

အီရန်ကို ကျောထောက်နောက်ခံပြုထားသည့် ဟာစ်ဗိုလာများသည် ဂါဇာကမ်းမြောင်ဒေသရှိပြည်သူများကို ထောက်ခံကြောင်း ပြသသည့်အနေဖြင့် အစ္စရေးကို တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကြေညာခဲ့သည်။ အစ္စရေးသည် အီရန်ကတိုက်ခိုက်လာနိုင်မှုအတွက်လည်း ပြင်ဆင်လျက်ရှိသည်။

ဆီးရီးယားရှိ အီရန်သံရုံးကို ဧပြီ ၁ ရက်က တိုက်ခိုက်မှုအတွက် လက်တုံ့ပြန်ရန်စီစဉ်နေကြောင်း အီရန်တာဝန်ရှိသူများက ပြောသည်။ လာမည့်ရက်များအတွင်း နိုးနိုးကြားကြားနှင့် ပြင်ဆင်ထားမှုများပြုလုပ်ရန်လိုအပ်ကြောင်း အစ္စရေးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒန်နီရယ်ဟာဂရီက ဧပြီ ၁၂ ရက်တွင် ပြောသည်။

အစ္စရေးတပ်ဖွဲ့သည် ဧပြီ ၁၂ ရက်က ဂါဇာမြောက်ပိုင်းသို့ တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်ဟု ပါလက်စတိုင်းမီဒီယာများတွင် ဖော်ပြကြသည်။ ဂါဇာဒေသ၌ စစ်ဆင်ရေးများပြုလုပ်နေစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကိုလည်း တိုးမြှင့်ခွင့်ပြုပေးသွားမည်ဟု အစ္စရေးတပ်ဖွဲ့က ပြောသည်။

ဂါဇာမြောက်ပိုင်းမှပြည်သူများမှာ အစားအစာပြတ်လပ်မှုနှင့် ကြုံတွေ့နေရပြီး ယင်းဒေသသို့အစားအစာနှင့် ထောက်ပံ့ရေးပစ္စည်း မည်မျှခွင့်ပြုပေးမည်ဆိုသည်ကို အစ္စရေးမှ အာရုံစိုက်နေကြသည်။

**အင်န်အိတ်ချ်ကေ**

# ဟောမုဇ်ရေလက်ကြားအနီး အစ္စရေးနှင့်ဆက်စပ်နေသည့် ကုန်တင်သင်္ဘောကို အီရန်ဖမ်းဆီးထား

**တီဟီရန် ဧပြီ ၁၃**

အီရန်၏အစ္စလာမ့်တော်လှန်ရေးအစောင့်တပ်ဖွဲ့ (အိုင်အာဂျီစီ)၏ ရေတပ်သည် ဟောမုဇ်ရေလက်ကြားအနီး အစ္စရေးနှင့်ဆက်စပ်နေသည့် ကုန်တင်သင်္ဘောတစ်စင်းကို ဖမ်းဆီးထားကြောင်း တရားဝင် သတင်းအေဂျင်စီဖြစ်သည့် အိုင်အာအင်န်အေက ထုတ်ပြန်ထားသည်။

အိုင်အာဂျီစီ ရေတပ်၏ အထူးတပ်ဖွဲ့များသည် ရဟတ်ယာဉ်တစ်စင်းဖြင့် သင်္ဘောပေါ်သို့ဆင်း၍ စစ်ဆင်ရေးလုပ်ဆောင်ပြီးနောက် သင်္ဘောကိုသိမ်းဆည်းခဲ့ကြောင်း၊ အဆိုပါသင်္ဘောမှာ အီရန်ရေပိုင်နက်ဆီသို့ ဦးတည်ခဲ့ကြောင်း အိုင်အာအင်န်အေက ထုတ်ပြန်ထားသည်။

ယင်းနောက် သင်္ဘော၏ ခြေရာခံစနစ်များကို ပိတ်ထားခဲ့ပြီး အီရန်တပ်ဖွဲ့များက စုံစမ်းမေးမြန်းမှုများကို တုံ့ပြန်ခြင်းမရှိကြောင်း သတင်းရင်းမြစ်များအရ သိရသည်။

အိုင်အာဂျီစီတပ်မှူး နှစ်ဦးအပါအဝင် အီရန်နိုင်ငံသား ခုနစ်ဦး သေဆုံးခဲ့သည့် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ရှိ အီရန်သံရုံး၏ ကောင်စစ်ဝန်ဌာနစိတ်ကို ဧပြီ ၁ ရက်က အစ္စရေးက ဒုံးကျည်တိုက်ခိုက်မှုလုပ်ဆောင်ပြီးနောက် ၁၂ ရက်အကြာတွင် ယင်းသင်္ဘောကို ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ အီရန်အာဏာပိုင်များက အဆိုပါ တိုက်ခိုက်မှုအတွက် အစ္စရေးကို လက်တုံ့ပြန်မည်ဟု ကတိပြုထားကြောင်း သိရသည်။

**ဆင်ဟွာ**




အီရန်က ဖမ်းဆီးထားသည့် ကုန်တင်သင်္ဘောကို တွေ့ရစဉ်။

# လူခြောက်ဦးကို ဓားဖြင့်ထိုးသတ်ခဲ့သူအား ဆစ်ဒနီ ရဲတပ်ဖွဲ့ အသေပစ်ခတ်ဖမ်းဆီး

**ဆစ်ဒနီ ဧပြီ ၁၃**

ဆစ်ဒနီမြို့ ဈေးဝယ်စင်တာတစ်ခု၌ ဧပြီ ၁၃ရက်တွင် အမျိုးသားတစ်ဦးက ဓားဖြင့်တိုက်ခိုက်မှုကျူးလွန်ခဲ့ရာ ခြောက်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ၎င်းကို ရဲတပ်ဖွဲ့က အသေပစ်ခတ်ဖမ်းဆီးခဲ့သည်။

အရှေ့ပိုင်းဆင်ခြေဖုံးရှိ ဘွန်ဒီလမ်းဆုံတွင် ဖွင့်လှစ်ထားသည့် ဈေးဝယ်စင်တာ၌ ညနေ ၃ နာရီခွဲက အခင်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဆေးရုံတက်ရောက်ကုသမှုခံယူနေရသူများအနက် အများစုမှာ ဒဏ်ရာပြင်းထန်ကြသည်။

အခင်းဖြစ်ပွားရာ ဈေးဝယ်စင်တာမှာ ဆစ်ဒနီမြို့လယ်မှ ၈ ကီလိုမီတာခန့်ဝေးသည့်နေရာတွင်ရှိသည်။ အဆိုပါဖြစ်ရပ်မှာ စကားလုံးဖြင့်ဖော်ပြရန်ပင် မလွယ်ကူဟု ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီ အယ်ဘာနီစ်က ပြောသည်။ ယင်းဖြစ်ရပ်မှာ သာမန်အပြစ်မဲ့ဈေးဝယ်သူများကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့သော ကြောက်မက်ဖွယ်အကြမ်းဖက်တိုက်ခိုက်မှုဟု ပြောဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တူကီယဲနိုင်ငံ အန်တယ်လ်ရာပြည်နယ်၌ ကေဘယ်ကားမတော်တဆမှုဖြစ်ပွား၊ တစ်ဦးသေဆုံးပြီး ၁၇ ဦး ထိခိုက်ဒဏ်ရာရ

**အန်ကာရာ ဧပြီ ၁၃**

တူကီယဲနိုင်ငံတောင်ပိုင်း အန်တယ်လ်ရာ အပန်းဖြေပြည်နယ်တွင် သောကြာနေ့နှောင်းပိုင်းတွင် ကေဘယ်ကားက တိုင်ကိုဝင်တိုက်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံးကာ အခြား ၁၇ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး ကိုကာက စနေနေ့တွင် ပြောသည်။

ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးက ဆိုရှယ်မီဒီယာပလက်ဖောင်းသို့ ပြောသည်။ ဒေသအာဏာပိုင်များက အဆိုပါ ကေဘယ်ကားစနစ်တစ်ခုလုံးကို ပိတ်ပစ်ခဲ့ရသောကြောင့် လူပေါင်းဒါဇင်မှာ ကေဘယ်ကားများအတွင်း နာရီများစွာ ကြန့်ကြာနေခဲ့ကြောင်း သိရသည်။ စုစုပေါင်း ၁၃၇ ဦး ကယ်တင်ခဲ့ရပြီး အသက်သေဆုံးသွားသူ မှာ အသက် ၅၄ နှစ်အရွယ် တူကီယဲအမျိုးသားတစ်ဦးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ပြည်မြို့၌ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်

ပြည် ဧပြီ ၁၃
ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲနှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနားကို ဗိုလ်ချုပ်ကျောက်ရုပ်အနီး လမ်းမတော်လမ်းရှိ ဗဟိုမဏ္ဍပ်နှင့် ကမ်းနားလမ်းရှိ လမ်းလျှောက်သင်္ကြန်မုခ်ဦး ဆိုင်းဘုတ်ရှေ့တို့၌ ဧပြီ ၁၃ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။





ဖွင့်ပွဲတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က နှစ်သစ်ကူး မင်္ဂလာဆုမွန်တောင်း နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် စိုးဦးဟန်၊ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၁)တို့က မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်များမှ ယိမ်းအဖွဲ့များက မြူမှောင်ဝေကင်း အတာသင်္ကြန်တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကမ်းနားလမ်း လမ်းလျှောက်သင်္ကြန်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းလျှောက်သင်္ကြန်မုခ်ဦးဆိုင်းဘုတ်ရှေ့မှ ဧရာဝတီမြစ်ကမ်းစပ်အထိ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ယိမ်းအဖွဲ့များ၊ ရေကစားသူပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကာ ပြည်မြို့ ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ပြည်မြို့ ဗဟိုမဏ္ဍပ်၌ မဟာသင်္ကြန်ကာလအတွင်း နေ့စဉ်နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် တေးဂီတဖျော်ဖြေရေးအစီအစဉ်များ၊ ဌာနဆိုင်ရာနှင့် မြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ၁၁ ဖွဲ့တို့၏ ကပြဖျော်ဖြေယှဉ်ပြိုင်မှုများ၊ စတုဒိသာ ဧည့်ခံကျွေးမွေးရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကာ ရေကစားမည့် ပြည်သူများသည် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်တို့၌ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

ပြင်ဦးလွင် ဧပြီ ၁၃
ပြင်ဦးလွင်မြို့၌ ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက အမျိုးသားကန်တော်ကြီးဥယျာဉ်လမ်းပေါ်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသန့်ဇော်ဦးက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး



မျိုးထက်ဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ဦးကျော်လွင်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ဝဏ္ဏစိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်လွင်၊ မြို့မိမြို့ဖ ဦးစိုင်းအောင်ကြည်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ခိုင်တို့က မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ဝဲပုံ)**

ထို့နောက် "မန်းတောင်ရိပ်ခို" သီချင်းနှင့် "ထာဝရမြန်မာ" သီချင်းတို့ဖြင့် သီဆို၍ ယိမ်းအကအဖွဲ့များ စုပေါင်းဖျော်ဖြေကာ ဧည့်သည်တော်များအား အတာရေဖြင့် ပက်ဖျန်းခြင်းနှင့် ယိမ်းအဖွဲ့များအား အောင်သပြေခက်ဖြင့် အတာရေပက်ဖျန်းပေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား စတုဒိသာများဖြင့်ဧည့်ခံ၍ ယိမ်းအဖွဲ့များက တေးသီချင်းများ၊ ယိမ်းအကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

အဆိုပါ ဗဟိုမဏ္ဍပ်တွင် မဟာသင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ စည်ကားသိုက်မြိုက်စွာဖြင့် သင်္ကြန်ယိမ်းအကအဖွဲ့များနှင့် တေးသံရှင်များက ယိမ်းအကများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေသွားမည်ဖြစ်သည်။

**ဖြူလူသစ် ခရိုင်(ပြန်/ဆက်)**

## မိုင်းယောင်းခရိုင် မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကျင်းပ

မိုင်းယောင်း ဧပြီ ၁၃
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို မိုင်းယောင်းမြို့နယ် ဟောင်ကြန့်အုပ်စု ခိုကဲကျေးရွာ၌ ဧပြီ ၁၃ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် မြို့မိမြို့ဖ ဦးစိုင်းအောင်ခမ်းတို့က အမှာစကားပြောကြားပြီးနောက် ဗဟိုမဏ္ဍပ်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ယိမ်းအဖွဲ့များက Aungkham Music အဖွဲ့နှင့်တွဲဖက်၍ "မြူမှောင်ဝေကင်း" သင်္ကြန်သီချင်းနှင့်အတူ သင်္ကြန်ယိမ်းအကများဖြင့် ကပြဖျော်ဖြေခဲ့သည်။

မိုင်းယောင်းခရိုင် မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်ဖွင့်ပွဲ သင်္ကြန်အကြိုနေ့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များက ရေကစားသူများအား မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်းတို့ဖြင့် စတုဒိသာကျွေးမွေးခဲ့ကြောင်း သိရသည်။

**ဝေဝေခိုင်**

## သင်္ကြန်အကြိုနေ့မှစ၍ ငွေဆောင်ကမ်းခြေ၌ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များဖြင့် စည်ကား

ငွေဆောင် ဧပြီ ၁၃
ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေ၌ နှစ်သစ်ကူးရုံးပိတ်ရက်များတွင် အနယ်နယ် အရပ်ရပ်မှ လာရောက်အနားယူ အပန်းဖြေကြသော ပြည်တွင်း ပြည်ပ ခရီးသွားများဖြင့် စည်ကားလျက်ရှိသည်။

သင်္ကြန်အကြိုနေ့(ယနေ့)မှစ၍ ငွေဆောင်မြို့ထဲရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင် ဈေးဝယ်ယူနေကြသူများ၊ ကမ်းခြေတွင် လမ်းလျှောက်ကြသူများ၊ အပန်းဖြေ ရေကူးကြသူများ၊ စပိဘုတ်နှင့် ငှက်ပျောသီးလှေစီးကြသူများ စည်ကားလျက်ရှိသလို ငွေဆောင်၏ အထင်ကရကျွန်းများဖြစ်သော မြွေကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း၊ ဆင်မကျွန်း၊ ကျွန်းလျားရှည်၊ ချစ်သူများကျွန်း၊ ဘုရားသုံးဆူနှင့် မိုးမခဆင်စခန်းသို့ သွားရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ငွေဆောင်ကမ်းခြေတွင် ဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ အနားယူနိုင်ရေး၊ လုံခြုံမှုရှိစေ ရေး၊ ကမ်းခြေသန့်ရှင်းသာယာလှပရေး၊ ကမ်းခြေဈေးရောင်းချသည့် ဈေးသည်များ သတ်မှတ်စည်းကမ်းနှင့်အညီ ရောင်းချမှုရှိစေရေး နှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးတို့အတွက် ငွေဆောင်မြို့ အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ငွေဆောင်နယ်မြေရဲတပ်ဖွဲ့စခန်း၊ မြို့အဆင့်ဌာနဆိုင်ရာများ၊ ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ပူးပေါင်း၍ ကမ်းခြေသို့ဆင်းကာ ကွင်းဆင်းစစ်ဆေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်လင်းဦး(ပြန်/ဆက်)**





## မုဒုံမြို့၌ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်လှစ်

မုဒုံ ဧပြီ ၁၃
မွန်ပြည်နယ် မုဒုံမြို့နယ်၌ ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို မြို့မ(၁)ရပ်ကွက် ဗိုလ်ချုပ်လမ်းပေါ်ရှိ မဏ္ဍပ်နေရာ၌ ဧပြီ ၁၃ ရက်က ကျင်းပသည်။

ဗဟိုမဏ္ဍပ်ဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းက နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ယိမ်းအကအဖွဲ့များက "မြူမှောင်ဝေကင်း" တေးသီချင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအကအလှများ ဖျော်ဖြေခဲ့ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အတာရေပက်ဖျန်း၍ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

မုဒုံမြို့နယ် ဗဟိုမဏ္ဍပ်တွင် သင်္ကြန်ယိမ်းအဖွဲ့များ၊ တေးချစ်သူအဆိုဝါသနာရှင်များက သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ နေ့စဉ်ဖျော်ဖြေ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

ကမ္ဘာမြေနေ့ ဂုဏ်ပြုဆောင်းပါး

# အမိကမ္ဘာမြေ သန့်ရှင်းကျန်းမာဖို့ ပလတ်စတစ်သုံးစွဲမှု လျှော့ချကြပါစို့

ဒေါက်တာဝင်းထိန် (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)

### ကမ္ဘာမြေနေ့ ဖြစ်ပေါ်လာပုံ

ကျွန်ုပ်တို့ ကမ္ဘာမြေသည် မိမိဝင်ရိုးပေါ်တွင် ၂၄ နာရီလျှင် တစ်ပတ်နှုန်းဖြင့် လည်ပတ်ရင်း နေကို ၂၃ ၁/၂ ဒီဂရီတိမ်းစောင်း၍ လှည့်ပတ်ကာ ဥတုရာသီမျှမျှတတ အလှည့်ကျဖြစ်ပေါ်စေပြီး လူသားတို့စားဝတ်နေရေးအတွက် လိုအပ်ချက်များဖြစ်သည့် လေ၊ ရေ၊ မြေ၊ အစားအစာတို့ကို အစဉ် ဖြည့်ဆည်းပေးလျက်ရှိပါသည်။ အမှန်စင်စစ်ဆိုသော် ဤကမ္ဘာမြေသည် ကျွန်ုပ်တို့ လူသားများအတွက် အဖိုးမဖြတ်နိုင်သည့်အပြင် ကျေးဇူးကြီးမားလှသည့် ခိုလှုံစရာ မိခင်ရင်ခွင်ကြီးပင် ဖြစ်ပါသည်။

လူသားတို့အတွက် အဘက်ဘက်မှ အကျိုးပြုနေသော ကမ္ဘာမြေပေါ်တွင် ၁၉၆၉ ခုနှစ် ကယ်လီဖိုးနီးယားပြည်နယ် စန်ဒါဘာဘရာကမ်းခြေအနီးရှိ ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ငန်းမှ ရေနံယိုဖိတ်မှုကြီး ဖြစ်ပွားခဲ့ရာ ကယ်လီဖိုးနီးယားကမ်းလွန်အတွင်းရှိ ပင်လယ်နေငှက်များနှင့် ပင်လယ်သတ္တဝါများ အများအပြားသေဆုံးမှု ဖြစ်ပွားခဲ့ပါသည်။ ၎င်းရေနံယိုဖိတ်မှု၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကြောင့် ပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် အရေးကြီးကြောင်း အများပြည်သူကို အသိပညာပေးရန်အတွက် အမေရိကန်အထက်လွှတ်တော်အမတ်ဖြစ်သည့် Gaylord Nelson က ပတ်ဝန်းကျင်ရေးရာ လူငယ်တက်ကြွလှုပ်ရှားသူ Denis Hayes နှင့်အတူ ကမ္ဘာမြေနေ့ကို သတ်မှတ်နိုင်ရေး စတင်စည်းရုံးလှုံ့ဆော်ခဲ့ပါသည်။ ထိုမှတစ်ဆင့် လေထုညစ်ညမ်းမှု၊ အရှိန်အဟုန်ဖြင့် မြင့်တက်လာနေသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ကို ထိခိုက်စေပြီး ကမ္ဘာမြေ၏ရှင်သန်မှုကို ခြိမ်းခြောက်နေသော အခြားသောအခြေအနေများကို အသိပညာပေးရန် ရည်ရွယ်ပြီး ကမ္ဘာမြေနေ့ကို ၁၉၇၀ ပြည့်နှစ် ဧပြီလ ၂၂ ရက်နေ့တွင် အမေရိကန်နိုင်ငံ၌ စတင်ကျင်းပခဲ့ပါသည်။

၁၉၉၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ ပြန်လည်အသုံးပြုခြင်း (Recycling) ကို မြှင့်တင်နိုင်ရန်အတွက် နိုင်ငံပေါင်း ၁၄၁ နိုင်ငံက ကမ္ဘာမြေနေ့ကို အသိအမှတ်ပြုကျင်းပခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညီလာခံအတွက် အခြေခံအချက်တစ်ခုဖြစ်စေခဲ့ပါသည်။ ကမ္ဘာမြေနေ့သည် ၁၉၉၂ ခုနှစ် ရီယိုကြေညာစာတမ်းတွင် ဖော်ပြထားသည့် သဘာဝနှင့်ကမ္ဘာမြေသဟဇာတဖြစ်ရေးကို မြှင့်တင်ရန်နှင့် လက်ရှိနှင့် အနာဂတ်မျိုးဆက်များ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များကြားတွင် မျှမျှတတ ဟန်ချက်ညီညီရှိစေရန် စသည့် အချက်တို့ကို အထောက်အပံ့ဖြစ်စေပါသည်။ ၂၀၀၉ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံ (United Nations General Assembly) မှ A/RES/63/278 ဆုံးဖြတ်ချက်ဖြင့် ဧပြီလ ၂၂ ရက်နေ့တွင် ကျရောက်သော ကမ္ဘာမြေနေ့ (World Earth Day) ကို အပြည်ပြည်ဆိုင်ရာ အမိကမ္ဘာမြေနေ့ (International Mother Earth Day) ဟု အတည်ပြုသတ်မှတ်ခဲ့သည်။

၂၀၂၄ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ကျရောက်သော အမိကမ္ဘာမြေနေ့သည် (၅၄) နှစ်မြောက်နှစ်ပတ်လည်နေ့ဖြစ်ပြီး ယခုနှစ်၏ ဆောင်ပုဒ်မှာ Planet vs. Plastics ဖြစ်ပါသည်။ ဤဆောင်ပုဒ်သည်




**“ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးပါကလည်း ကာဗွန်မိုနောက်ဆိုက်၊ ဒိုင်အောက်စင်၊ ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက် စသည့်ဓာတ်ငွေ့များ ထွက်ရှိစေပြီး ကမ္ဘာမြေ၏ လေထုကိုညစ်ညမ်းစေကာ လူသားတို့၏ ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်ပါသည်။ ထို့အတူ လေထုထဲသို့ရောက်ရှိနေသည့် ပလတ်စတစ်အမှုန်များက လူသားတို့၏ အသက်ရှူလမ်းကြောင်းကို ဝင်ရောက်လာနိုင်သကဲ့သို့ သောက်သုံးရေထဲတွင်လည်း ပါရှိနိုင်သဖြင့် လူတို့ နေ့စဉ် အသက်ရှူခြင်းနှင့် ရေသောက်သုံးခြင်းမှ ပလတ်စတစ်များ ဝမ်းဗိုက်ထဲသို့ရောက်ရှိပြီး အချိန်ကြာလာသည်နှင့်အမျှ ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်ပေါ်စေပြီး လူ့သက်တမ်း တိုတောင်းလာစေနိုင်ပါသည်”**

လူသားများအနေဖြင့် ပလတ်စတစ်၏ ကျန်းမာရေးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိရန်၊ တစ်ခါသုံးပလတ်စတစ်များကို လျင်မြန်စွာဖယ်ရှားရန်နှင့် ပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်ကို ပြင်းပြင်းထန်ထန် တွန်းအားပေးပြီး ပလတ်စတစ်အသုံးပြုမှု အလေ့အကျင့်များကို အမြန်အဆုံးသတ်နိုင်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် မျိုးဆက်သစ်များအတွက် ပလတ်စတစ်ကင်းစင်သော ကမ္ဘာမြေကို တည်ဆောက်နိုင်ရန်နှင့် လူသားနှင့် ကမ္ဘာမြေ၏ ကျန်းမာရေးအတွက် ၂၀၄၀ ပြည့်နှစ်တွင် ပလတ်စတစ်ထုတ်လုပ်မှု အားလုံး၏ ၆၀ ရာခိုင်နှုန်းကို လျှော့ချနိုင်ရန်အတွက် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်နိုင်ရေးလည်း ရည်ရွယ်ပါသည်။

### ကမ္ဘာမြေနှင့် ပလတ်စတစ်ညစ်ညမ်းမှု

ပလတ်စတစ်ကို စတင်ရှာဖွေတွေ့ရှိခဲ့သည့် ၁၉၀၇ ခုနှစ်မှစတင်၍ ဓာတ်မီနည်းပညာများဖြင့် ပုံစံအမျိုးမျိုးသော ထုတ်ကုန်ပစ္စည်းများကို တီထွင်ထုတ်လုပ်အသုံးပြုလာခဲ့ကြပါသည်။ McIlgorm et al., (2020) ၏ လေ့လာတွေ့ရှိချက်အရ ၁၉၈၉ ခုနှစ်တွင် ကမ္ဘာကြီးသည် နှစ်စဉ် ပလတ်စတစ်တန်ချိန် သန်းပေါင်း ၁၀၀ ခန့် ထုတ်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်မတိုင်မီအချိန်တွင် ပလတ်စတစ်ထုတ်လုပ်မှု တန်ချိန် ၃၂၂ သန်းအထိ ဆပွားတိုးမြင့်လာခဲ့ပါသည်။ ပလတ်စတစ်ရောင်းလိုအားနှင့် ဝယ်လိုအားမြင့်တက်လာသည်နှင့်အတူ ပလတ်စတစ်ထုတ်လုပ်မှုသည်လည်း အဆပေါင်းများစွာ တိုးပွားလာခဲ့ပြီး ထုတ်လုပ်ထားသည့် ပလတ်စတစ်များ၏ ၉ ရာခိုင်နှုန်းမျှသာ ပြန်လည်ပြုပြင်အသုံးပြုနိုင်ခဲ့ပါသည်။ အကျိုးဆက်အနေဖြင့် ပြန်လည်ပြုပြင်သုံးစွဲရန် ကျန်ရှိပလတ်စတစ်များသည် လူမှုအဖွဲ့အစည်းအတွင်း၌ အမှိုက်များမြေဖို့စွန့်ပစ်ရာဖို့မြေများအဖြစ် ရောက်ရှိနေခြင်း၊ လေဟာပြင်တွင် မီးရှို့ဖျက်ဆီးခံရခြင်းနှင့် မြေထု၊ သစ်တောနှင့် ပင်လယ်သမုဒ္ဒရာများအတွင်းသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေခြင်း စသည့်ပုံစံအမျိုးမျိုးဖြင့် ပျံ့နှံ့လျက်ရှိပါသည်။ ၎င်းကျန်ရှိပလတ်စတစ်များသည် ကမ္ဘာကြီး၏ ပြန်လည်ပြုပြင်အသုံးပြုနိုင်မှုစွမ်းရည် (Recycling Capacity) ကို ကျော်လွန်ကာ ကမ္ဘာမြေကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့်အပြင် လှပနေသော ကမ္ဘာမြေကို ညစ်နွမ်းစေပါသည်။

ပလတ်စတစ်သည် ထုတ်လုပ်အသုံးပြုသည့်အချိန်မှ စွန့်ပစ်သည့်အချိန်ကာလ သက်တမ်းတစ်လျှောက်တွင် လူသားတို့ကို ပုံစံအမျိုးမျိုးဖြင့် အကျိုးပြုသည့်အချက်များလည်း ရှိပါသည်။ ဥပမာအားဖြင့် ကုန်ပစ္စည်းများကို စနစ်တကျနှင့် ကုန်ကျစရိတ်သက်သာစွာထုပ်ပိုးနိုင်ခြင်း၊ အီလက်ထရောနစ်ပစ္စည်းများအား ကုန်ကျစရိတ်သက်သာစွာ ထုတ်လုပ်နိုင်ပြီး လူအများ လက်လှမ်းမီနိုင်သော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ခြင်း၊ ထုတ်ကုန်ပစ္စည်းများကိုပေါ့ပါးစေပြီး သယ်ယူပို့ဆောင်ရေးစရိတ်များကို သက်သာစေခြင်း စသည်တို့ဖြစ်ပါသည်။ အခြားတစ်ဖက်တွင် ပလတ်စတစ် စွန့်ပစ်အမှိုက်များသည် သဘာဝအလျောက် လွယ်ကူစွာ ပြိုကွဲပျက်စီးနိုင်ခြင်းမရှိသည့်အတွက် စနစ်တကျ စီမံခန့်ခွဲခြင်းမရှိပါက ကျွန်ုပ်တို့ကမ္ဘာမြေအတွက် ကြီးမားသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ပေါ်ပေါက်လာစေပါသည်။ လက်ရှိအချိန်တွင် Crepy & Porteron (2021) ၏ လေ့လာမှုအရ ပလတ်စတစ်တန်ချိန် သန်းပေါင်း ၁၅၀ သည် ပင်လယ်သမုဒ္ဒရာအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိကာ အပိုင်းအပိုင်းပြိုကွဲမှုဖြစ်စဉ်ကြောင့် အန္တရာယ်ရှိသည့် သေးငယ်သော ပလတ်စတစ်အမှုန်များ (Microplastics) အဖြစ်သို့ ပြိုကွဲလျက်ရှိနေပြီ ဖြစ်ပါသည်။

### ပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ ပြဿနာများ

ပလတ်စတစ်များသည် ၎င်း၏ ထုတ်လုပ်မှုနှင့် အသုံးပြုပြီး စွန့်ပစ်မီးရှို့ဖျက်ဆီးခြင်း ကွင်းဆက်တစ်လျှောက်လုံးတွင် မှန်လုံအိမ်ဓာတ်ငွေ့များကို လေထုအတွင်းသို့ ထုတ်လွှတ်နေသည်ဟု လေ့လာသိရှိရပါသည် (WWF, 2021)။ ပလတ်စတစ်များအားလုံးသည် ရုပ်ကြွင်းလောင်စာကို အခြေခံသော ပစ္စည်းများဖြစ်ပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် ရေနံစိမ်းပမာဏများစွာကို ထုတ်လုပ်သန့်စင်ရန် လိုအပ်သကဲ့သို့ သယ်ယူပို့ဆောင်ရေးကွင်းဆက်အတွက်လည်း အသုံးပြုရပါသည်။ ထို့ကြောင့် ပလတ်စတစ်ထုတ်လုပ်မှု မြင့်တက်လာသည်နှင့်အမျှ ကမ္ဘာမြေမှ ဖြည့်ဆည်းပေးနေသော ရုပ်ကြွင်းလောင်စာထုတ်ယူသုံးစွဲမှု ပိုမိုမြင့်မားလာပြီး သဘာဝအရင်းအမြစ်များ ရှားပါးလာမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုနည်းတူစွာ လေထုထဲသို့ ရောက်ရှိလာသော မှန်လုံအိမ်ဓာတ်ငွေ့များသည်လည်း ကမ္ဘာမြေကြီး၏ ပူနွေးလာမှုကို ပိုမိုမြင့်မားလာစေမည် ဖြစ်ပါသည်။

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးပါကလည်း ကာဗွန်မိုနောက်ဆိုက်၊ ဒိုင်အောက်စင်၊ ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက် စသည့်ဓာတ်ငွေ့များ ထွက်ရှိစေပြီး ကမ္ဘာမြေ၏ လေထုကိုညစ်ညမ်းစေကာ လူသားတို့၏ ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်ပါသည်။ ထို့အတူ လေထုထဲသို့ ရောက်ရှိနေသည့် ပလတ်စတစ်အမှုန်များက လူသားတို့၏ အသက်ရှူလမ်းကြောင်းကို ဝင်ရောက်လာနိုင်သကဲ့သို့ သောက်သုံးရေထဲတွင်လည်း ပါရှိနိုင်သဖြင့် လူတို့ နေ့စဉ်အသက်ရှူခြင်းနှင့် ရေသောက်သုံးခြင်းမှ ပလတ်စတစ်များ ဝမ်းဗိုက်ထဲသို့ရောက်ရှိပြီး အချိန်ကြာလာသည်နှင့်အမျှ ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်ပေါ်စေပြီး လူ့သက်တမ်း တိုတောင်းလာစေနိုင်ပါသည်။

ပလတ်စတစ်များသည် ဓာတ်သဘာဝဖွဲ့စည်းမှုအားဖြင့် သဘာဝအလျောက် လွယ်ကူစွာ ပြိုကွဲပျက်စီးခြင်းမရှိဘဲ နှစ်ပေါင်းများစွာ ကြာမြင့်သည့်အခါ ရာသီဥတုဒဏ်ကြောင့် လည်းကောင်း၊ နေရောင်ခြည်တွင်ပါရှိသော ခရမ်းလွန်ရောင်ခြည်ကြောင့် လည်းကောင်း ကြွပ်ဆတ်ပြီး အပိုင်းအစလေးများအဖြစ် ကြေမွသွားပြီး ကမ္ဘာမြေ၏ ရှင်သန်မှုကို အန္တရာယ်ဖြစ်စေသော ပစ္စည်းတစ်ခု ဖြစ်ပါသည်။ ထိုအပိုင်းအစလေးများကို ကုန်းနေ/ ရေနေ သတ္တဝါများမှ အစာနှင့်ရောနှောစားသုံးမိပြီး အစာချေဖျက်မှုလုပ်ငန်းကို အနှောင့်အယှက်ဖြစ်စေကာ သေဆုံးမှုအထိပါ ဖြစ်ပွားစေနိုင်ပါသည်။ ထိုနည်းတူစွာ မြေထုကို ရုပ်ပိုင်းနှင့် ဓာတုပိုင်းအားဖြင့်လည်း ညစ်ညမ်းစေသည့်အတွက် ကမ္ဘာ့မြေဆီလွှာ၏ သဘာဝမြေဆီဩဇာကိုလည်း လျော့ကျစေနိုင်ပါသည်။

*စာမျက်နှာ ၁၇ သို့*

## သာယာဝတီမြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကျင်းပ

**သာယာဝတီ မေ ၁၃**

သာယာဝတီမြို့နယ်တွင် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက်က လွတ်လပ်ရေးကျောက်တိုင်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် သာယာဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဝင်း၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ဥာဏ၊ အဖွဲ့ဝင် -၁ ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟို၊ အတွင်းရေးမှူး ဒုတိယရဲမှူးရဲစိုး၊ အဖွဲ့ဝင် -၁ ဗိုလ်မှူး ကြည်မျိုးလွင်၊ အဖွဲ့ဝင်-၂ ဦးမန်းလေးတို့က မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (ဓာတ်ပုံ)

ယင်းနောက် ယိမ်းအဖွဲ့များအား အောင်သပြေခက်ဖြင့် အတာရေပက်ဖျန်း၍ သင်္ကြန်ပွဲတော်ကို ဆင်နွှဲကြပြီး ယိမ်းအဖွဲ့သမီးပျိုများက "မန်းတောင်ရိပ်ခို၊ မြူမှောင်ဝေကင်း" အတာသင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ပန်းခင်းစီမံချက်-၃ ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**ဒဂုံမြောက် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက်၌ ပန်းခင်းစီမံချက်-၃ ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်များကို အဆိုပါ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မေ ၁၂ ရက်တွင် ပေးအပ်သည်။



မြို့နယ် လဝကဦးစီးအရာရှိ ဦးမြင့်ဇော်က နိုင်ငံသား တိုင်း နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ထားခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး (၅၁) ရပ်ကွက်ရှိ ပြည်သူများအား နိုင်ငံသားကတ် ၆၃ ကတ်ကို ပေးအပ်သည်။

**မြင့်မြင့်ရီ(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

ထို့အပြင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် လမ်းကြောင်းအမျိုးမျိုးမှတစ်ဆင့် ရေထုထဲသို့ ရောက်ရှိပြီး ရေချိုသယံဇာတများကို ညစ်ညမ်းစေနိုင်သည့်အပြင် ရေထုအရည်အသွေးကိုပါ ကျဆင်းစေပါသည်။ ၎င်းပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် မြစ်များ၊ ချောင်းများမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာသို့ရောက်ရှိပြီး အချိန်ကာလ ကြာမြင့်လာသည်နှင့် အမျှ သေးငယ်သော ပလတ်စတစ်အပိုင်းအစများ အဖြစ် တဖြည်းဖြည်းပြိုကွဲကာ အဏ္ဏဝါပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်ပေါ်စေပါသည်။ ပင်လယ်သမုဒ္ဒရာသို့ ရောက်ရှိနေသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် ရေနေသတ္တဝါများအား ငြိတွယ်ခြင်း၊ ရေနေသတ္တဝါများက အစာဟုထင်မှတ်၍ စားသုံးမိသဖြင့် အစာချေဖျက်မှုဆိုင်ရာ ပြဿနာများမှ သေဆုံးသည်အထိ ဖြစ်ပွားစေနိုင်ပြီး ကမ္ဘာမြေ၏ အဏ္ဏဝါဂေဟစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။

**တိုးပွားလာမည့် ကမ္ဘာမြေ၏ ပလတ်စတစ်ညစ်ညမ်းမှုပြဿနာဖြေရှင်းရေး**

နောက်ဆုံးခန့်မှန်းချက်များအရ ၂၀၅၀ ပြည့်နှစ်တွင် ပလတ်စတစ်ထုတ်လုပ်မှုသည် သုံးဆအထိ တိုးမြင့်လာနိုင်မည်ဖြစ်ပြီး ၎င်းနှင့်အတူ ပလတ်စတစ် ညစ်ညမ်းမှုသည်လည်း ကမ္ဘာမြေပေါ်တွင် ပိုမိုတိုးပွားလာမည့်အရေးကိစ္စတစ်ခုပင်ဖြစ်ပါသည်။ ထို့သို့ ပလတ်စတစ်ညစ်ညမ်းမှုပြဿနာ လျှော့ချရေးကို အချိန်မီ မဆောင်ရွက်နိုင်ပါက ကမ္ဘာမြေ၏ ရေထုထဲတွင် ရေနေသတ္တဝါများထက် ပလတ်စတစ်အမှိုက်များဖြင့် ပြည့်နှက်နေမည်ဖြစ်ရာ အနာဂတ်တွင် အမိကမ္ဘာမြေ၏ သဘာဝဂေဟစနစ် လည်ပတ်မှုမှာ စိုးရိမ်ဖွယ်ရာပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကမ္ဘာမြေ၏ ကျန်းမာရှင်သန်ရေးအတွက် ပလတ်စတစ်ညစ်ညမ်းမှုပြဿနာကို ဖြေရှင်းနိုင်ရန် နိုင်ငံအဆင့်၊ ဒေသအဆင့်မှ အစိုးရများ၏ ကဏ္ဍအပြင် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပြည်သူများအားလုံး အတူတကွပူပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**ကမ္ဘာမြေ၏ ပလတ်စတစ်ညစ်ညမ်းမှုပြဿနာ ဖြေရှင်းဆောင်ရွက်နေမှုများ**

ကျွန်ုပ်တို့ကမ္ဘာမြေတွင် လက်ရှိဖြစ်ပေါ်နေသော ပလတ်စတစ်ညစ်ညမ်းမှုသည် အရေးတကြီးဖြေရှင်းဆောင်ရွက်ရမည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတစ်ခုပင် ဖြစ်ပါသည်။ ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ကျင်းပခဲ့သည့် ပဉ္စမအကြိမ် ကုလသမဂ္ဂပတ်ဝန်းကျင်ညီလာခံတွင် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာနယ်စပ်ဖြတ်ကျော်အဏ္ဏဝါအမှိုက်သရိုက်နှင့် ပလတ်စတစ်ညစ်ညမ်းမှုပြဿနာများကို ၂၀၂၄ ခုနှစ်တွင် နောက်ဆုံးထားဖြေရှင်းနိုင်မည့် ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် ဥပဒေအကြောင်းအရစည်းနှောင်မှုရှိသော ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက သဘောတူ ထောက်ခံခဲ့ကြပါသည်။

၂၀၁၉ ခုနှစ် ဇွန်လတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့သည့် (၃၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အဏ္ဏဝါအမှိုက်သရိုက်များအား အရေးယူဆောင်ရွက်မှုဆိုင်ရာ အာဆီယံမူဘောင်ရေးဆွဲရေးနှင့်အာဆီယံဒေသတွင်းအဏ္ဏဝါအမှိုက်သရိုက်တိုက်ဖျက်ရေးဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်းကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သဘောတူထောက်ခံအတည်ပြုခဲ့ကြပြီး အဏ္ဏဝါအမှိုက်သရိုက် တိုက်ဖျက်လျှော့ချရေးလုပ်ငန်းများကို အာဆီယံဒေသတွင်းနိုင်ငံများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ကို ၂၀၂၀ ပြည့်နှစ်တွင် အတည်ပြုထုတ်ပြန်ခဲ့ပြီး ၎င်းမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တွင် ပါဝင်သော ဦးစားပေးကဏ္ဍများကို အကောင်အထည်ဖော်နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုနည်းတူစွာ အဏ္ဏဝါအမှိုက်သရိုက်များအား အရေးယူဆောင်ရွက်မှုဆိုင်ရာ အာဆီယံမူဘောင်ရေးဆွဲရေးနှင့် အာဆီယံဒေသတွင်း အဏ္ဏဝါအမှိုက်သရိုက်တိုက်ဖျက်ရေးဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်းကို လိုက်နာဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့် ပလတ်စတစ်ဆိုင်ရာ လုပ်ငန်းအစီအစဉ် (National Plastic Action Plan) ကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အစိုးရဌာနဆိုင်ရာရုံးများတွင် ပလတ်စတစ်စွန့်ပစ်နှင့် တစ်ခါသုံးပလတ်စတစ် (ကြွပ်ကြွပ်အိတ်) အသုံးပြုမှု လျှော့ချနိုင်ရေးအတွက် အစည်းအဝေးများကျင်းပရာတွင် တစ်ခါသုံး ရေသန့်ဘူးများအစား အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်သော ဖန်ပုလင်းနှင့် ဖန်ခွက်များကို အစားထိုးအသုံးပြုလျက်ရှိသည့်အပြင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် ရုံးများ၊ စာသင်ကျောင်းများနှင့် ဈေးများတွင် ပြည်သူလူထုအား ပလတ်စတစ်၏ဆိုးကျိုးများကို သိရှိနားလည်စေပြီး ပလတ်စတစ်မသုံးစွဲရေး အသိပညာပေးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် စုပေါင်းအမှိုက်ကောက်ပွဲကျင်းပခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ ပူးပေါင်းပါဝင်လာအောင် နှိုးဆော်တိုက်တွန်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာမြေညစ်ညမ်းမှုကို ထိန်းသိမ်းသည့်အနေဖြင့် ပလတ်စတစ်ထုပ်ပိုးပစ္စည်းများ တွင်တွင်ကျယ်ကျယ် အသုံးပြုနေမှုကို လျှော့ချရန်လိုအပ်နေပါသည်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို လျှော့ချခြင်း၊ တတ်နိုင်သမျှပြန်လည်ပြုပြင်သုံးစွဲခြင်းနှင့် ယင်းစွန့်ပစ်ပစ္စည်းများမှ လူသုံးကုန်ပစ္စည်းများ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းတို့ကို အလေးထားလုပ်ဆောင်သင့်ပါသည်။ တစ်နည်းအားဖြင့် ပလတ်စတစ်အစားထိုးကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် ကုန်ကြမ်းအသစ်များဖော်ဆောင်ပေးကြမည့် အသေးစား၊ အလတ်စား၊ အကြီးစား လုပ်ငန်းရှင်များကို နိုင်ငံတော်အနေဖြင့် လိုအပ်သောနည်းပညာများနှင့် အခြားပံ့ပိုးမှုများ ပြုလုပ်ကာ အပြည့်အဝထောက်ပံ့ပေးမည်ဆိုပါက ကျွန်ုပ်တို့ကမ္ဘာမြေ ရင်ဆိုင်ကြုံတွေ့နေရသော ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်မှ ကင်းဝေးနိုင်မည် ဖြစ်ပါသည်။

**အများပြည်သူ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး**

ပြည်သူတို့အနေဖြင့်လည်း ကမ္ဘာမြေပေါ်တွင် စိန်ခေါ်မှုတစ်ရပ်အဖြစ် ကြုံတွေ့နေရသော ပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ချနိုင်ရေးအတွက် ပလတ်စတစ်အိတ်သုံးစွဲမှုကို ငြင်းပယ်ခြင်း၊ ဈေးဝယ်ထွက်လျှင် ဈေးဝယ်အိတ်၊ ဆွဲခြင်းများ အသုံးပြုခြင်း၊ အလွယ်တကူဆွေးမြည့်နိုင်သော ထုပ်ပိုးပစ္စည်းများကိုသာ အသုံးပြုခြင်းဖြင့် ပလတ်စတစ် ထုတ်ကုန်ပစ္စည်းများ အလွန်အကျွံသုံးစွဲမှုကို တစ်ဦးတစ်ယောက်ချင်းအားဖြင့် တတ်နိုင်သမျှ လျှော့ချသင့်သည်။ ထို့အပြင် သုံးစွဲပြီးသော ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို သတ်မှတ်အမှိုက်ပုံနေရာတွင် စနစ်တကျစွန့်ပစ်ခြင်းဖြင့် ကမ္ဘာမြေ၏ သဘာဝအလှတရားကို ထိန်းသိမ်းသင့်ပေသည်။ ကျွန်ုပ်တို့၏ အမိမြေကမ္ဘာ အစဉ်ကျန်းမာပြီး ပလတ်စတစ်ကင်းဝေးစေရေးအတွက် အောက်ဖော်ပြပါ အဓိကနည်းလမ်း(၅)သွယ်ကို အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ဦးတစ်ယောက်ချင်းဖြစ်စေ လိုက်နာဆောင်ရွက်သင့်ပေသည်-

(က) အသုံးပြုရန်မလိုအပ်ပါက ပလတ်စတစ်အိတ်သုံးစွဲမှုကို ငြင်းပယ်ခြင်း (Reject)၊

(ခ) ပလတ်စတစ်အိတ်များအစား ချည်ဖြင့်ပြုလုပ်ထားသည့် ဈေးဝယ်အိတ်များ၊ စက္ကူအိတ်များကို အသုံးပြု၍ ပစ္စည်းထုပ်ပိုးရာတွင် အင်ဖက်၊ ကြာဖက်၊ ငှက်ပျောဖက်စသည်တို့ကို သုံးစွဲခြင်းဖြင့် ပလတ်စတစ်အိတ် အသုံးပြုမှုကို လျှော့ချခြင်း (Reduce)၊

(ဂ) ပလတ်စတစ်အိတ် အဟောင်းများကို အမှိုက်အဖြစ် စွန့်ပစ်ခြင်းမပြုဘဲ ပြန်လည်အသုံးပြုခြင်း (Reuse)၊

(ဃ) အသုံးပြုပြီးသော ပလတ်စတစ်ပစ္စည်းများကို ကုန်ကြမ်းအဖြစ်သုံးပြီး အသစ်ပြန်လည်ထုတ်လုပ်ခြင်း (Recycle)၊

(င) အသုံးပြုပြီးသော ပလတ်စတစ်အိတ်ခွံများကို စုထားပြီး ပြန်လည်အသုံးပြုနိုင်သော နေရာများသို့ ပြန်လည်ပေးပို့ခြင်း (Return)။

နိဂုံးချုပ်အနေဖြင့် လူသားတို့၏ လုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာသည့် ပလတ်စတစ် စွန့်ပစ်ပစ္စည်း ဝန်ထုပ်ဝန်ပိုးများမှာ အမိကမ္ဘာမြေအတွက် လေးလံပင်ပန်းလှပြီဖြစ်ပါသည်။ ၎င်းဝန်ထုပ်ဝန်ပိုးများကို ကျွန်ုပ်တို့လူသားများကပင် ပြန်လည်ကုစားနိုင်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ အမိကမ္ဘာမြေနေရာအနှံ့တွင် ရင်ဆိုင်ကြုံတွေ့နေရသော ပလတ်စတစ်ညစ်ညမ်းမှုပြဿနာ လျှော့ချရေး၊ အမိကမ္ဘာမြေသန့်ရှင်းကျန်းမာလာစေရေး၊ အနာဂတ်မျိုးဆက်များ၏ဘဝ သာယာဝပြောရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် ကျွန်ုပ်တို့၏ ပလတ်စတစ်ပစ္စည်းသုံးစွဲမှုများကို ဖြတ်တောက်လျှော့ချရမည့်အချိန်သည် ယခုလက်ရှိအချိန်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ တစ်ခုတည်းရှိသော အမိကမ္ဘာမြေသန့်ရှင်းကျန်းမာ၍ သဘာဝအလှများဖြင့် ထာဝစဉ်လှပနေစေရေးအတွက် ပလတ်စတစ်ပစ္စည်းသုံးစွဲမှုကို လျှော့ချကြပါစို့ဟု ယခုနှစ် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမိကမ္ဘာမြေနေ့ကို ဂုဏ်ပြုသောအားဖြင့် တိုက်တွန်းရေးသားအပ်ပါသည်။

**ကျမ်းကိုးစာရင်း**

- **EDD. (2022). အာရှနှင့် ပစိဖိတ်ဒေသ ပင်လယ်သမုဒ္ဒရာတွင်းမှ ပလတ်စတစ်အမှိုက်များ စီမံခန့်ခွဲခြင်း၊ Environment and Development Division (EDD), Economic and Social Commission for Asia and the Pacific-ESCAP**
- **McIlgorm, A., Raubenheimer, K., & McIlgorm, D. E. (2020). Update of 2009 APEC report on economic costs of marine debris to APEC economies. A report to the APEC Ocean and Fisheries Working Group by the Australian National Centre for Ocean Resources and Security (ANCORS), University of Wollongong, Australia, December**
- **WWF. (2021). Plastic waste and climate change – what's the connection? World Wildlife Fund Australia.**
- **https://www.myawady.net.mm/node/26820**
- **https://www.mdn.gov.mm/my/kmbh-aameknmaaphiu-plttcttckiu-reaang-knyciu**
- **https://www.unep.org/interactives/beat-plastic-pollution**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ ၁၃၈၅ ခုနှစ် မဟာသင်္ကြန်ပွဲတော် ရခိုင်ရိုးရာနံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲ စစ်တွေမြို့၌ကျင်းပ

**စစ်တွေ ဧပြီ ၁၃**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ ၁၃၈၅ ခုနှစ် မဟာသင်္ကြန်ပွဲတော် ရခိုင်ရိုးရာနံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမနှင့် အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီးတို့၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ရိုးရာနံ့သာသွေးပွဲအခမ်းအနားကို ရခိုင်မင်္ဂလာစည်တော်ယွမ်းပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကိုယ်စားပြုယိမ်းအကအဖွဲ့နှင့် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်နယ်ဥပဒေချုပ်ရုံး ကိုယ်စားပြုယိမ်းအကအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မဟာသင်္ကြန်ပွဲတော်ကျင်းပရေးနာယက ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက အမှာစကားပြောကြားသည်။ ထို့နောက် နံ့သာသွေးအဖွဲ့များက နံ့သာသွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက နံ့သာသွေးပွဲကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ နံ့သာသွေးပွဲကျင်းပနေစဉ် ယိမ်းအကအဖွဲ့များက ကပြဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ **(ယာပုံ)**

ထို့နောက် အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးသို့ ဘုရားရေသပ္ပာယ်ရန် ရခိုင်ရိုးရာစဉ်လာမပြတ် စီတန်းလှည့်လည်ကာ သွားရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ပြည်လုံးချမ်းသာဘုရားကြီးအား ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် နံ့သာသွေးပွဲမှရရှိလာသော နံ့သာရည်များဖြင့် ရခိုင်ရိုးရာစဉ်လာမပြတ် အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးရှိ ဗုဒ္ဓဆင်းတုတော်များအား ဘုရားရေသပ္ပာယ် ပူဇော်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များက အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးဓမ္မာရုံ ဘက်စုံပြုပြင်နိုင်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



# ကျောက်ဆည်၌ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**ကျောက်ဆည် ဧပြီ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံအထူးဇုန် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအား နည်းပညာပေးဆွေးနွေးပွဲကို ဧပြီ ၁၁ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်ဦးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဆီထွက်သီးနှံအထူးဇုန် အမှတ်(၁) တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ဆီထွက်သီးနှံ အထူးဇုန် ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်က ပန်းတိုင်အထွက်နှုန်းရရှိရေး ကိစ္စများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန (မြေ၊ မျိုး၊ ပိုး) တာဝန်ခံများက တောင်သူများကို ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲရေး၊ စိုက်နည်းစနစ်မှန်ကန်ခြင်း၊ သွင်းအားစုများကို ထည့်သွင်းခြင်း နည်းပညာများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး



# သာစည်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကျင်းပ

**သာစည် ဧပြီ ၁၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် "ရွှေသာစည်" ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့ ညနေ ၄ နာရီက သာစည်မြို့ စည်ပင်သာယာပန်းခြံရှေ့ မိတ္ထီလာ-တောင်ကြီးကားလမ်းဘေး အဆိုပါ မဏ္ဍပ်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဗိုလ်မှူး တေဇာမြင့်၊ ဦးစိုးဝင်းအောင်၊ မြို့နယ်လဝကဦးစီးမှူး ဦးကျော်လွင်နှင့် အတွင်းရေးမှူး ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးကျော်အောင်တို့က "ရွှေသာစည်" ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**



ထို့နောက် ယိမ်းအဖွဲ့များက တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး အတာရေ ပက်ဖျန်းကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

စာအုပ်စာပေ လှူမိတ်ဆွေ

# ကျောက်တန်းမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကျင်းပ

**ကျောက်တန်း ဧပြီ ၁၃**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့အလယ်ပိုင်းရပ်ကွက် မင်းလမ်းရှိ ကျောက်တန်းမြို့နယ် "မှော်ဝန်းရိပ်မြေ" မဟာသင်္ကြန်အတာရေသဘင်ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်၊ စီမံအဖွဲ့ဝင်(၁)ဗိုလ်မှူးအောင်သန်းထွန်း၊ အမှတ်(၁) စစ်ကြောင်းမှူး ဗိုလ်မှူးလွင်ကိုဦး၊ ဗိုလ်မှူးဝေဇင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါမြို့နယ်ဗဟိုသင်္ကြန်မဏ္ဍပ်၌ သင်္ကြန်အကြိုနေ့မှစ၍ သင်္ကြန်အတက်နေ့အထိ(တန်ခူးလဆန်း ၅ ရက်မှ တန်ခူးလဆန်း ၈ ရက်) (ဧပြီ ၁၃ ရက်မှ ၁၆ ရက်)အထိ နေ့စဉ် ယိမ်းအဖွဲ့ ၁၂ ဖွဲ့မှ အလှည့်ကျ ကပြဖျော်ဖြေ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ၂၀၉

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃-၄-၂၀၂၄

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၈၅ ကျပ် | ၂၅၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၃၀ ကျပ် | ၂၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၈၂၀ ကျပ် | ၂၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၃၀ ကျပ် | ၂၉၈၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၁၁၀ | ၉၆၈၀၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၁၀၄ | ၃၀၁၄၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁ | ၈၀၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၁၆၁ | ၂၄၁၀၅၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂ | ၅၄၀၀ |
| EFR | ၁၇၀၀ | ၁၆၅၀ | ၁၄၈၆ | ၂၄၈၁၃၅၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၉၂ | ၄၃၂၄၀၀ |
| MAEPC | ၂၀၅၀ | ၂၀၀၀ | ၉၉ | ၁၉၉၀၅၀ |

## ပတ်စ်ပို့ပျောက်

(ဘ)ဦးသိန်းနိုင်၏ သား မောင်အောင်လင်းဦး ၉/မလန(နိုင်) ၁၈၂၉၆၇ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG 305825)ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၈၉၁၁၅၄၃

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ကျွန်မ မလီယီယန်း၁၃/မမတ (နိုင်)၀၀၅၄၆၄ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၇၇၉၅၄၅၇

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ကျွန်မ မလောက်ထူ ၁၃/ကခန(နိုင်)၁၁၁၁၅၇၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၅၁၆၇၈၁၈၆

## ကြော်ငြာစာ

**( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)**

**အောင်မြေသာစံခရိုင်တရားရုံး**

**၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၉**

ကွယ်လွန်သူ ဦးကျော်လွင်ဆင့်၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကျွဲနဖားကျေးရွာ၊ ကွင်းအမှတ် (၅၆၂/ကျွဲနဖားကွင်း)၊ ဦးပိုင်အမှတ်(၁၁၆၃)၊ ဧရိယာ (၇.၀)ဧက အကျယ်အဝန်းရှိ ယာမြေကွက်နှင့် ဦးပိုင်းအမှတ်(၁၁/၁)၊ ဧရိယာ (၈.၁၀)ဧက အကျယ်အဝန်းရှိ ယာမြေကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်လွင်ဆင့်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်ဆွေဦးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ မေလ ၂၅ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် ၂ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကျော်လွင်ဆင့်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ မေ လ ၂၅ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် ၂ ရက်) နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်ဆွေဦး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ မေ လ ၁၀ ရက်နေ့ ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သွယ့်နှင်းအိဖေ)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**အောင်မြေသာစံခရိုင်တရားရုံး**

## "အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ဝေဘာဂီ)၊ ပန်းလှိုင်လမ်း၊ မြေကွက်အမှတ် (၂၂၂) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား×အနံ (၃၀ပေ×၅၀ပေ)၊ ဧရိယာ (၀. ၀၃၄) ဧက၊ (၁၅၀၀)စတုန်းပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်နွယ်နွယ်လင်း (၁၂/ဥကမ(နိုင်)၁၄၆၆၅၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်(၂)လုံး (အဆောက်အဦး)ရေ+မီး အပါအဝင် အိမ်ခြံမြေနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်နွယ်နွယ်လင်းမှ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြုလျှက် အပြီးလွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိဖြိုး (၁၂/ဥကမ(နိုင်)၁၉၄၉၇၃)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်ခြံမြေတန်ဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက (၂၆. ၄. ၂၀၂၄)ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူအိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ဝင့်ဝင့်ထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၀၆၉) အမှတ် (၀၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း ၀၉-၂၆၁၁၀၀၁၃၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-( ၁-ဘီ )၊ လူနေရပ်ကွက်အမှတ်-( မြစိမ်းရောင်အိမ်ရာ )၊မြေကွက်အမှတ်-( ၆၆ )ဟုခေါ်တွင်သည့်ဧရိယာ ( ၀.၁၄၈ )ဧကအကျယ်ရှိဒေါ်ကြည်နုမေအမည်ပေါက်မြေချပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးသိန်းမင်းစိုး ၇/ရစက(နိုင်)၁၃၉၈၂၄ ထံမှကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ၏လွှဲအပ်ချက်အရ-

| ဒေါ်မေချော့စိုးဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေဇွန်စိုးဦး |
|---|---|---|
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| ( စဉ်-၇၇၅၇ ) | ( စဉ်-၈၁၁၂ ) | ( စဉ်-၁၃၂၃၅ ) |

တ ရား လွှတ် တော် ရှေ့ နေ များ

ခြံအမှတ်( ၅၀၇/အေ )၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့

ဖုန်း-၀၉-၅၀-၅၇၇၁၄ ၊၀၉-၉၅-၅၀-၅၇၇၁၄ ၊၀၉-၅၁-၄၁၀၅၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-( ၁-ဘီ )၊ လူနေရပ်ကွက်အမှတ်-( မြစိမ်းရောင်အိမ်ရာ )၊မြေကွက်အမှတ်-( ၁၃၃ )ဟုခေါ်တွင်သည့်ဧရိယာ ( ၀.၁၃၀ )ဧကအကျယ်ရှိမြေချပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်အဖြစ်လက်ဝယ်ထားပိုင်ဆိုင်၍အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူဦးခင်မောင်ဝင်း(ခ)ဝေါင်ရွှေကျောင်း ၁၂/လမတ(နိုင်)၀၀၅၅၄၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့် အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ၏လွှဲအပ်ချက်အရ-

| ဒေါ်မေချော့စိုးဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေဇွန်စိုးဦး |
|---|---|---|
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| ( စဉ်-၇၇၅၇ ) | ( စဉ်-၈၁၁၂ ) | ( စဉ်-၁၃၂၃၅ ) |

တ ရား လွှတ် တော် ရှေ့ နေ များ

ခြံအမှတ်( ၅၀၇/အေ )၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့

ဖုန်း-၀၉-၅၀-၅၇၇၁၄ ၊၀၉-၉၅-၅၀-၅၇၇၁၄ ၊၀၉-၅၁-၄၁၀၅၃

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**မွန်ပြည်နယ်တရားလွှတ်တော်**

**၂၀၂၃ ခုနှစ် ၊ တရားမပြင်ဆင်မှုအမှတ် - ၁၀၃**

| | | |
|---|---|---|
| ၁။ ဦးကွန်ပလိုင်(ခ) ဦးမြင့်လွင် | နှင့် | ၁။ ဦးမြင့်လွင်(ခ) ဦးလွန် |
| ၂။ ဦးပလိုင် | | ၂။ မကေသီချမ်း |
| ၃။ ဦးညဏ်မွန် | | ၃။ ဒေါ်ထွေးဝင်း(ခ) ဒေါ်ငွေဝင်း |
| | | ၄။ ဒေါ်သန်းတီ(ခ) ဒေါ်စန်းတီ |
| | | ၅။ မိခေမာနန် (၎င်း၏နီးစပ်ရာ မိတ်ဆွေ ဒေါ်သန်းတီ) |
| | | ၆။ ဒေါ်စိန်ဝင်း |
| | | ၇။ ဒေါ်ရွှေ (အမှတ်၁မှ၇ထိ လျှောက်ထားခံရသူများ၏ အခွင့်ရ ကိုယ်စားလှယ် ဦးခင်အောင်) |
| | | ၈။ မောင်ရှော့ချမ်း |
| | | ၉။ မောင်တင်စိုး |
| | | ၁၀။ ဒေါ်ကွန်ကရင် |
| | | ၁၁။ ဒေါ်ခင်နန်းဆွေ (ခ) ဒေါ်ဆွေ |
| ပြင်ဆင်မှုလျှောက်ထားသူများ | | ပြင်ဆင်မှုလျှောက်ထားခံရသူများ |

လျှောက်ထားခံရသူအမှတ်(၈)မောင်ရှော့ချမ်း၊ အမှတ်(၉) မောင်တင်စိုး အမှတ်(၁၀)ဒေါ်ကွန်ကရင်၊ အမှတ်(၁၁) ဒေါ်ခင်နန်းဆွေ(ခ)ဒေါ်ဆွေ၊ ကျောက်အိုင်ကျေးရွာ၊ ခေါဇာမြို့၊ ရေးမြို့နယ် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဦးကွန်ပလိုင်(ခ) ဦးမြင့်လွင် ပါ(၃)က ဤရုံးသို့ ရေးခရိုင်တရားရုံး ၊ တရားမကြီးမှုအမှတ် ၈/၂၀၂၃အမှုတွင် (၄-၈-၂၀၂၃)ရက်က ချမှတ်သည့်အမိန့်အပေါ် မကျေနပ်၍ ဤပြင်ဆင်မှုကို လျှောက်ထားလာသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့် မချမှတ်သင့်ကြောင်း အကြောင်းပြရန် ၂၀၂၄ခုနှစ် ၊ မေလ ၁၃ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၆ရက်)နေ့ ၊ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ခုနှစ်၊ မေလ ၁၀ ရက်နေ့၊ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီရိဝေ)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မွန်ပြည်နယ်တရားလွှတ်တော်**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**မွန်ပြည်နယ်တရားလွှတ်တော်**

**၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၁၀၄**

| | | |
|---|---|---|
| ၁။ ဦးကွန်ပလိုင်(ခ) ဦးမြင့်လွင် | နှင့် | ၁။ ဦးသောင်းဝင်း (ခ)ဦးစိုး |
| ၂။ ဦးပလိုင် | | ၂။ ဒေါ်သန်းတီ(ခ) ဒေါ်စန်းတီ |
| ၃။ ဦးဝင်း | | ၃။ ဒေါ်အေးဝင်း(ခ) ဒေါ်ဝင်း |
| | | ၄။ မိခေမာနန် (၎င်း၏ နီးစပ်ရာ မိတ်ဆွေဒေါ်သန်းတီ |
| | | ၅။ ဒေါ်ရွှေ |
| | | ၆။ ဦးကရိတ် |
| | | ၇။ မအေးမွန် |
| | | ၈။ ဒေါ်စိန်ဝင်း |
| | | ၉။ မအေးမွန် |
| | | ၁၀။ မိကွန်းကရင်(ခ) မအေးဝင်း (၁ မှ ၁၀ ထိ လျှောက်ထားခံရသူများ၏အခွင့်ရကိုယ်စားလှယ် ဦးခင်အောင်) |
| | | ၁၁။ မချိုအေး |
| | | ၁၂။ မောင်သိုက်လွန် |
| | | ၁၃။ ဒေါ်မီး |
| ပြင်ဆင်မှုလျှောက်ထားသူများ | | ပြင်ဆင်မှုလျှောက်ထားခံရသူများ |

လျှောက်ထားခံရသူအမှတ်(၁၁) မချိုအေး၊ ရပ်ကွက် (၂)၊ ခေါဇာမြို့၊ ရေးမြို့နယ်နှင့် အမှတ်(၁၂) မောင်သိုက်လွန်၊ အမှတ်(၁၃) ဒေါ်မီး ကျောက်အိုင်ကျေးရွာ၊ ခေါဇာမြို့၊ ရေးမြို့နယ် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

အထက်အမည်ပါလျှောက်ထားသူ ဦးကွန်ပလိုင်(ခ)ဦးမြင့်လွင် ပါ(၃)က ဤရုံးသို့ ရေးခရိုင်တရားရုံး၊ တရားမ ကြီးမှုအမှတ် ၉/၂၀၂၃အမှုတွင် (၄-၈-၂၀၂၃) ရက်နေ့က ချမှတ်သည့်အမိန့်အပေါ် မကျေနပ်၍ ဤပြင်ဆင်မှုကို လျှောက်ထားလာသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့် မချမှတ်သင့်ကြောင်း အကြောင်းပြရန်၊ ၂၀၂၄ ခုနှစ်၊ မေလ ၁၃ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီရိဝေ)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မွန်ပြည်နယ်တရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 58W/97106, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိမြတ်ကေဇင် ၁၄/ဟသတ(နိုင်)၃၈၈၃၄၆က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 83W/29868, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၁၄/လမန(နိုင်)၀၀၁၆၄၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/22555, Honda Scoopy -110 ယာဉ်လက်ဝယ်ရှိသူ High Speed Motor Trading Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6L/6051, HONDA ACTY HA 8,Pickup(4X2) R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်း ၉/မလန(နိုင်)၀၈၃၁၈၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃ဖယ/၆၆၆၀၄ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယွန်းမို့မို့ ၂/ဒမဆ(နိုင်) ၀၅၁၈၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊လှိုင်ကော်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၅၂ယ/၆၀၄၁၇ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ NCX Myanamr Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊လှိုင်ကော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သုံးဆယ်မြို့နေ ဦးညွန့်မောင်၏ သမီးဖြစ်သူ ဒေါ်ညွန့်ညွန့်ဝင်း မှတ်ပုံတင်အမှတ် ၇/သဝတ(နိုင်) ၀၀၁၉၅၁ နှင့် ဒေါ်ညွန့်ညွန့်ဝင်း(ခ) ဒေါ်မြင့်မြတ်ခင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မော်လမြိုင်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၃

**ကွယ်လွန်သူ ဦးဘသွင်၊ ဒေါ်တင်အေး၊ ဦးသိန်းတန်တို့၏ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မော်လမြိုင်မြို့ လှိုင်ရပ်ကွက်၊ အကွက်အမှတ်-(၁၉) အုပ်စု အမှတ်(၂၇)၊ ဦးပိုင်အမှတ်(၇)၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၄၇ ဧကဖြစ်ပြီး ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၁၁၇)၊ ကျိုက်ဖနဲဘုရားလမ်း၊ လှိုင်ရပ်ကွက်ဟု ခေါ်တွင်သော (၁)ထပ် နေအိမ်အဆောက်အအုံ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဘသွင်၊ ဒေါ်တင်အေး၊ ဦးသိန်းတန် တို့၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဒေါ်မိုးစန္ဒာအောင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်) တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဘသွင်၊ ဒေါ်တင်အေးနှင့် ဦးသိန်းတန်တို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက် )၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်မိုးစန္ဒာအောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သူခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခမ်းရပ်ကွက်နေ (ဦးအယ်ဒီဝင်း)- ဒေါ်ခင်မိုးစံတို့၏သား စိုင်းသက်ပိုင်စံ(ခ) အိုက်ပြည့်၁၃/တကန(နိုင်) ၃၁၀၇၀၂ သည် မိသားစုဝင်များအပေါ် အမျိုးမျိုးစိတ်ဒုက္ခပေးပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော လူမှုရေး၊ ငွေရေးကြေးရေးကိစ္စအဝဝနှင့် မည်သည့်ကိစ္စမဆို မိသားစုဝင်များမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မိုးစံ၁၃/လလန(နိုင်)၀၀၅၀၂၂**

## ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်(၂) ပန်းတင်လမ်းခွဲ(၅) အမှတ်(၅၁၄)နေ ဒေါ်မေသက်နွယ်(၁၂/ဥကတ(နိုင်)၀၀၀၉၅၂)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မကွန်ဒိုမီနီယမ်၊ တိုက်အမှတ်(စီ)၊ အခန်းအမှတ်(၄၀၂/၄၀၃)ရှိ ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်မေသက်နွယ်နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်မေသက်နွယ်သည် ကျွန်ုပ်မိတ်ဆွေထံမှ နှစ်ဦးသဘောတူ ချေးငွေရယူခြင်း/ပေးဆပ်ခြင်းဆိုင်ရာကတိစာချုပ်များဖြင့် (၅-၁-၂၀၂၃)ရက်နေ့စွဲပါ စာချုပ်အမှတ်-WF/OL-002/2023 ဖြင့် မြန်မာငွေကျပ်-၁၀၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ထောင်တိတိ)၊ (၁၂-၁-၂၀၂၃)ရက်နေ့စွဲပါ စာချုပ်အမှတ်-WF/OL-003/2023 ဖြင့် မြန်မာငွေကျပ်-၁၀၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ထောင်တိတိ)၊ (၃-၁-၂၀၂၃)ရက်နေ့စွဲပါ စာချုပ်အမှတ်-WF/OL-001/2023 ဖြင့် မြန်မာငွေကျပ်-၁၀၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ထောင်တိတိ)၊ (၂၁-၂-၂၀၂၃)ရက်နေ့စွဲပါ စာချုပ်အမှတ်-WF/OL-006/2023 ဖြင့် မြန်မာငွေကျပ်-၅၀,၀၀၀,၀၀၀/- (ကျပ်သိန်းငါးရာတိတိ)၊ (၁၀-၃-၂၀၂၃)ရက်နေ့စွဲပါ စာချုပ်အမှတ်-WF/OL-009/2023 ဖြင့် မြန်မာငွေကျပ်-၄၈,၀၀၀,၀၀၀/- (ကျပ်သိန်းလေးရာ့ရှစ်ဆယ်တိတိ)၊ (၆-၆-၂၀၂၃)ရက်နေ့စွဲပါ စာချုပ်အမှတ်-WF/OL-012/2023 ဖြင့် မြန်မာငွေကျပ်-၁၀၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ထောင်တိတိ)၊ (၁-၉-၂၀၂၃)ရက်နေ့စွဲပါ စာချုပ်အမှတ်-WF/OL-018/2023 ဖြင့် မြန်မာငွေကျပ်-၁၀၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ထောင်တိတိ)အား လက်ခံရယူသွားပါသည်။ ယင်းချေးငွေများအား သတ်မှတ်ရက်အတွင်း အရစ်ကျပြန်လည်ပေးဆပ်ရမည်ဖြစ်သော်လည်း (၈-၄-၂၀၂၄)ရက်နေ့အထိ အရစ်ကျဆပ်ငွေ၊ အတိုးအပါအဝင်နှင့် ရက်လွန်ဒဏ်ကြေးငွေ စုစုပေါင်းငွေကျပ်-၁,၃၃၃,၅၀၉,၄၇၈/- အား ပေးသွင်းခြင်းမရှိ ပျက်ကွက်လျက်ရှိကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်၍ ဤကြေညာချက်ပါရှိသည့်နေ့ရက်မှ (၁၄)ရက်အတွင်း လူကြီးမင်းပေးဆပ်ရန်ရှိသော အရစ်ကျဆပ်ငွေ၊ အတိုးအပါအဝင်နှင့် ရက်လွန်ဒဏ်ကြေးငွေများကို မရမ်းကုန်းမြို့နယ်ရှိ ကျွန်ုပ်မိတ်ဆွေထံသို့ အမြန်ဆုံးပေးသွင်းရန် အကြောင်းကြားပါသည်။ လာရောက်ပေးသွင်းခြင်းမရှိပါက စာချုပ်ပါသဘောတူညီချက်များအရ ကျွန်ုပ်မိတ်ဆွေထံတွင် အာမခံအဖြစ် ပေးအပ်ထားသော မြေကွက်များအား အပြီးအပိုင်သိမ်းယူသွားမည်ဖြစ်ကြောင်းနှင့် ထပ်မံပျက်ကွက်ပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်မေသက်နွယ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတင်အေး(ရေတာရှည်)၊ (H.G.P, LL.B., D.B.L.)၊ တရားလွှတ်တော်ရှေ့နေ (၅၇၈၈/၉၁)

ရုံး - အမှတ်(၅၀)၊ ပထမထပ်၊ အခန်းအမှတ်(C/3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၀၀၈၇၃၄၀၊ ၀၉-၄၅၁၂၄၃၇၃၃။

အိမ် - အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း-၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃၊ ၀၉-၄၅၁၂၄၃၇၃၃။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဗိုလ်တထောင်မြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈

| | | |
|---|---|---|
| မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (သိမ်ဖြူဘဏ်ခွဲ)(၎င်း၏ကိုယ်စား ဦးစန်းအောင် –Assistant Vice President) | နှင့် | ဦးပဒန်လာရွှယ် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဦးထွန်းလင်းခြံလမ်း၊ မြေညီထပ်၊ အမှတ်(၁၀/ခ)နေ တရားပြိုင်ဖြစ်သည့် ဦးပဒန်လာရွှယ် (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အကြွေးဝယ်ကတ် (Credit Card)ချေးငွေ ရလိုမှု” လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၃ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့် ၁၅ ရက်) (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် အထက်ပါအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သော စာမှတ်စာတမ်း အထောက်အထားများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာကို တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အံ့ခိုင်စိုး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ဗိုလ်တထောင်မြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဦးဘဟန်လမ်း(ခ)ဗဟိုလမ်း မုဒိတာတန်ဖိုးနည်းအိမ်ရာအမှတ် ၁၊ တိုက်ခန်း အမှတ် ဒီ ၆၁၀ ကို ဦးသန့်ဇင် ၁၂/ပဘတ(နိုင်)၀၀၅၉၁၂ က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဦးသန့်ဇင်သည် ၁၁-၈-၂၀၂၀ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ အဆိုပါတိုက်ခန်းကို ဦးသန့်ဇင်၏ တရားဝင် ဇနီးမယားဖြစ်သူ ဒေါ်သင်းသင်းလတ် ၁၂/ ဥကမ (နိုင်) ၀၀၂၁၀၃ က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့်ရှိသူ တစ်ဦးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုမြတ်နွယ်**
**တရားလွှတ်တော်ရှေ့နေ (စဥ် ၁၆၆၈၅)**
**အမှတ် ၄၅ ပြည်လမ်း၊ တော်ဝင်စင်တာ၊ ဒုတိယထပ်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အမည်မှန်နှင့် မွေးသက္ကရာဇ်မှန်

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ရွာမရပ်ကွက်နေ ဒေါ်နုနုခိုင်၏ အမည်မှန်မှာ ဒေါ်နုခိုင်ဖြစ်ပြီး မွေးသက္ကရာဇ် အမှန်မှာ ၂၂-၂-၆၉ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ နယ်မြေ-၈၊ မြဝတီရပ်နေ ဦးသိန်းမြင့်၏သား ဦးဝင်းမော် ၅/မရန(နိုင်)၁၆၀၁၆၄ ၏ နိုင်ငံကူး လက်မှတ်နံပါတ် (M-438334) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၁၄၀၃၅၈၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၁၆)၊ ဦးပိုင်အမှတ် (၁၉)ခဲစင်းတောင်ခြမ်း + မြောက်ခြမ်း၊ ၆၀.A x ၆၀.B ကြား၊ ၁၂၅ x ၁၂၆ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်ဝိတ် ၉/မရတ(နိုင်)၀၉၄၉၉၂ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၇၄/၁၉၉၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဝင်းဝင်းမာ ၉/မနမ(နိုင်)၀၂၅၈၃၁ က တောဂရန်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 59W/56868 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင် ၉/လဝန(နိုင်)၀၁၆၆၂၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 1D/6216 Toyota Harrier ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချယ်ရီ ၁၃/တကန(နိုင်)၀၄၉၀၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇၆

| | | |
|---|---|---|
| ယူအေဘီဘဏ်လီမိတက် (၎င်း၏ကိုယ်စား ဒေါ်ခင်စောဦး(အကြီးတန်းမန်နေဂျာ) ပုဇွန်တောင်(ရေကျော်)ဘဏ်ခွဲတာဝန်ခံ) | နှင့် | ၁။ ဦးမျိုးမင်းသန့် ၂။ ဒေါ်ဝိုင်းချစ် ၃။ ဒေါ်စောစော |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး(အနောက်)ရပ်ကွက်၊ ကွမ်းရွှဲတန်းလမ်း၊ အမှတ် (၄၁) မြေညီထပ်နေ (၁)တရားပြိုင် ဦးမျိုးမင်းသန့်၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာအိမ်ရာ၊ တိုက်အမှတ်(၆)၊ အခန်း(၁၂)နေ (၂) တရားပြိုင် ဒေါ်ဝိုင်းချစ်နှင့် ရန်ကုန်တိုင်းဒေသကြီး ၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်(တောင်)ရပ်ကွက်၊ ပန်းတနော်လမ်း၊ အမှတ် ၂၂၊ မြေညီထပ်နေ (၃) တရားပြိုင် ဒေါ်စောစော (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက “ယူအေဘီဘဏ်လီမိတက်၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင် (ရေကျော်)ဘဏ်ခွဲ အမှတ် (၀၃၆) မှ ချေးယူထားသော Home Loan (Apartment & Condomiums) (9– Year Amortization scheme) ချေးငွေအရင်းနှင့် အတိုးငွေကျပ်–၂၀,၈၄၈,၁၈၃.၂၉ (သိန်းနှစ်ရာ့ရှစ်သိန်း လေးသောင်းရှစ်ထောင်တစ်ရာရှစ်ဆယ့်သုံးကျပ်နှစ်ဆယ့်ကိုးပြားတိတိ) ချေးငွေရလိုမှု (သို့မဟုတ်) အာမခံပစ္စည်းအဖြစ် ပေးအပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွှဲတန်းလမ်း၊ အိမ်အမှတ် ၂၇၊ (၆)လွှာ တိုက်ခန်းအားရောင်းချ၍ ချေးငွေပေးဆပ်စေလိုမှု” လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဧပြီ လ ၂၅ ရက်(၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုစစ်ဆေးလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးသီရိခိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ပိုက်တော်အုပ်စု၊ ကမ်းနားပိုက်တော်ရွာနေ ဦးသန်းဝင်းလတ်၊ ဒေါ်သင်းသင်းဌေး တို့၏သမီး မအိသဇင်သင်း ၁၄/ကပန(နိုင်)၂၅၂၈၄၆ သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘနှစ်ပါးအား ကိုယ်စိတ်နှစ်ပါးဆင်းရဲစေပြီး ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသောကြောင့် ၁၀-၄-၂၀၂၄ ရက်မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်သင်းသင်းဌေး ၁၄/ဟသတ(နိုင်)၂၂၀၀၁၆**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်တော် ဦးအောင်ထွန်း(ခ)စိုင်းအောင်ထွန်း (ဘ) ဦးချောက်လင် ၁၃/မနန(နိုင်)၀၀၀၃၃၄ မှ ရှမ်းပြည်တောင်ပိုင်း၊ နမ့်စန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ဦးလှမြင့်ဦး (ဘ) ဦးဝင်း ၁၃/တကန(နိုင်)၀၄၇၃၇၄ အား စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် ၁၂/၂၀၁၄ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။

ယခုအခါ ကျွန်တော့်အနေဖြင့် ဦးလှမြင့်ဦးအား အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာကို ဆက်လက်လွှဲအပ်ရန် ဆန္ဒမရှိတော့ပါသဖြင့် ယနေ့မှစ၍ အထွေထွေကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ထွန်း(ခ)စိုင်းအောင်ထွန်း**
**၁၃/မနန(နိုင်)၀၀၀၃၃၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အထက်မင်္ဂလာလမ်း၊ အမှတ်(၁၂၁၇/ခ) ဧရိယာအကျယ်ဝန်း( ၁၀ ပေ ၄ လက်မ x ၇၂ ပေ) ရှိသော မြေ၊ အိမ်နှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံပြောဆိုသူ ဒေါ်သီတာအောင် ၁၂/အစန(နိုင်) ၁၂၇၇၅၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာ ရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးစည်သူထွန်း ၁၂/ဗဟန(နိုင်)၀၉၅၈၉၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်လဲ့လဲ့ကြည်** | **ဒေါ်နီနီဇော်** | **ဒေါ်သဥ္ဇာဝင်း** |
| **(LL.B)** | **(LL.B, DBL)** | **(LL.B, DBL)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၃၅၅၂)** | **(စဉ်-၁၅၇၁၇)** | **(စဉ်-၄၆၃၅၆)** |

**အမှတ် (၃၉) ၊မာန်ပြေ(၆)လမ်းအရှေ့၊(၃)ရပ်ကွက်၊သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၆၈၁၄၄၈၉၊ ၀၉-၄၂၁၆၅၉၂၄၄၊ ၀၉-၇၇၆၈၈၆၇၀၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ သုခ(၅၄)လမ်း၊ အမှတ်(၁၆၆/ခ) မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ စတုတ္ထထပ်၊ ၅-လွှာ(ခေါင်းရင်းခန်း)၊ (အလျား ၁၅ ပေ x အနံ ၅၀ ပေ) ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန္ဒာဝင်းလတ် ၁၂/လမန(နိုင်)၁၀၃၆၈၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးစိုးသက်ဦး ၁၄/ကလန(နိုင်)၁၁၀၂၀၃၊ ဒေါ်မြတ်သီရိကို ၁၃/ရစန(နိုင်)၀၆၇၆၄၆ တို့က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးခင်အိ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက် အမှတ်(၁၇၁)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧက၊ မြေကွက်တည်နေရာအမှတ်(၁၇၁)၊ မြေတိုင်းရပ်ကွက်(၁၃)၊ ရွှေပြည်သာ၊ ဦးကမ်ဇခုပ်၁၂/ကမတ(နိုင်)၀၁၈၂၈၉ အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေ အမည်ပေါက် ဦးကမ်ဇခုပ် ၁၂/ကမတ(နိုင်)၀၁၈၂၈၉ ထံမှ အရောင်းစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအောင်ကျော် မင်း ၈/မသန(နိုင်)၀၆၆၄၇၀ မှ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း တင်ပြနိုင်ခြင်းမရှိဘဲ မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့သာ တင်ပြ၍ ပါမစ်မစုံဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ကန်လေးစုလမ်း၊ အမှတ်(၁၅/၁၆)၊ မိဘဂုဏ်အိမ်ရာဝင်းအတွင်း၊ တိုက်အမှတ်(E)၊ အခန်းအမှတ် (၂/၆)၊ (၁) လွှာ၊ ခြေရင်းခန်း၊ ခေါင်းရင်းခန်း(၂)ခန်းဟုခေါ်တွင်သော ဧရိယာ (၃၆ ပေ x ပေ ၄၀) အကျယ်အဝန်းရှိ တိုက်ခန်းကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရင်ရင် ၁၃/လရန(ပြု)၀၀၀၀၈၀ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးခင်မောင်ညွန့် ၁၂/လမန(နိုင်)၀၁၈၀၃၃က ဝယ်ယူရန်အတွက် "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်" ကို ချုပ်ဆို၍ စရန်ငွေပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်သည်ဖြစ်ရာ ကန့်ကွက်မည့်သူ မရှိပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်ညွန့်၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးအောင်ဖြိုးလတ် (LL.B)** | **ဒေါ်မိုးကမ္ဘာသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၁၀)** |

**အမှတ် (၁၀၆)၊ ပထမထပ်၊ မြင်တော်သာလမ်း၊ (၃/မာန်ပြေ) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၇၀၀၅၂၁၈၅၊ ၀၉-၄၂၈၉၂၀၇၂၂**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 58W/16410 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းဝင်း ၇/ပမန(နိုင်)၀၁၃၇၅၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၃)ရပ်ကွက်၊ (စက်မှုဇုန်-၃)၊ Commercial Area၊ (၆) ခန်းတွဲ (၃)ထပ်၊ တိုက်အမှတ်(၁၂)၊ အခန်းအမှတ်(၁၀၆)၊ (ပထမထပ်)၊ ဧရိယာ (၉၆၀) စတုရန်းပေ (ဒေါ်လှဲ့လှဲ့ဝင်း အမည်ပေါက် စုပေါင်းပိုင်အဆောက်အအုံ ပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူလက်ရှိထား ပိုင်ဆိုင် ရောင်းချခွင့်ရှိသော ဦးဇာဏီဟိန်း ၁၂/ဥကတ(နိုင်)၁၈၆၄၇၃ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်မြသီတာ (၁၄/မမန(နိုင်)၀၂၉၅၀၂)က အပြီးအပိုင် ဝယ်ယူမည်ဖြစ်၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဖုန်း (စဉ်- ၁၆၇၃၃)** | **ဒေါ်နှင်းနုနု (စဉ်- ၄၈၅၃၃)** |
| **တရားလွှတ်တော်ရှေ့နေ (LL.B)** | **အထက်တန်းရှေ့နေ (LL.B)** |

**တိုက်အမှတ် (B-2)၊ အခန်း (၅၀၅)၊ ချမ်းမြေ့အိမ်ရာဝင်း (၁)၊**
**အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၉၇၁၈၉၀၃၇၂**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 74W/23681 Hague 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်တင်ဌေး ၁၄/မအန(နိုင်)၁၇၃၆၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၄)ရပ်ကွက်၊ ရွှေပြည်စိုး (၃) လမ်း၊ အမှတ်-(၁၂၈၈)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ပေ ၄၀ x အနံ ပေ ၆၀) ရှိ အိမ်နှင့်မြေသည် ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်လှဲ့လှဲ့သန်း အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါ အိမ်နှင့်မြေထဲမှ တရားဝင် မခွဲမစိတ်ရသေးသည့် အကျယ်အဝန်း (အလျား ပေ ၃၀ x အနံ ပေ ၆၀)ရှိ (ခြေရင်းခြမ်း) အိမ်နှင့်မြေတို့၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မိမိ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးစောလေးမြင့် ၃/ ဘအန(နိုင်)၀၂၃၃၉၈ ထံမှ ကျွန်ုပ်မိတ်ဆွေ ဖြစ်သူ ဒေါ်သင်းနွယ်ထွန်း ၁၂/ဒဂမ(နိုင်)၀၁၉၃၈၀ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ဤအိမ်နှင့်မြေအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိစန္ဒာဖြိုး (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၂၃၅၀)**
**ဖုန်း-၀၉-၄၂၀၇၆၁၄၀၄**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 75W/30546 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ထွန်း ၁၄/လမန(နိုင်)၁၀၁၂၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9P/6347 Nissan Sunny N17 Saloon(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဦး ၁/မကန (ဧည့်)၀၀၁၄၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

